www.dhammadowload.com

ဓမ္မဒူတစာစဉ်

ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A (Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ
မဟာဂန္ထဝါစကပဏ္ဍိတ

နိုးလျက်နှင့် ဝေး

www.dhammadowload.com

www.dhammadowload.com

ဓမ္မဒူတ

ဒေါက်တာအရှင်ပညိသဃရ

B.A (Myanmar), M.A(Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ

မဟာဂန္ထဝါစကပဏ္ဍိတ

နိုးကျက်နှုဝေး

ဖြန့်ချိရေး

ဆုပြည့်စုံထွန်းစာပေ

အမှတ် ၅၀၈/၅၁၂၊၂(ခ)၊ ပထမထပ်၊ သရဖီကွန်ဒို၊ ကုန်သည်လမ်း

(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammadowload.com

ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။
ဓမ္မဒူတ စာရေးပြ ဖတ်ကြ ကျင့်ကြစေ။
ဓမ္မဒူတ ဟောဖော်ပြ နာကြ ကျင့်ကြစေ။
ဓမ္မဒူတ တရားပြ ကျင့်ကြ ကျိုးရစေ။

www.dhammadowload.com



ဓမ္မဒူတ

ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A(Srilanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစကာစရိယ

မဟာဂန္ထဝါစကပဏ္ဍိတ

www.dhammadowload.com

ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ

၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်၊ ကြာသပတေး နေ့တွင် သထုံမြို့ ညောင်ဝိုင်းရပ်၌ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည် တို့မှ မွေးချင်းငါးယောက်အနက် သားဦးအဖြစ် ဖွားမြင်သည်။

သထုံမြို့၌အခြေခံပညာအထက်တန်း ဖြေဆိုပြီးနောက် ၁၉၈၁ ခုနှစ်တွင် ကျေးဇူးတော်ရှင် ဓမ္မဒူတ ဆရာတော် ကြီး ဘဒ္ဒန္တ ပညာဇောတ (အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ) ကို ဥပဇ္ဈာယ်ပြုကာ ဆရာတော်၏ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟဖြင့် သာသနာ့ဘောင်သို့ စတင်ဝင်ရောက်သည်။

ရှင်သာမဏေဘဝမှ စတင်ကာ မွန်ပြည်နယ်၊ ဘီးလင်း မြို့နယ်၊ တောင်စွန်း ဓမ္မဒူတတောရတွင် ပဋိပတ္တိနှင့် တွဲဖက်ပြီး ပရိယတ္တိစာပေများကို ပထမကြီးတန်း အောင်မြင်သည်အထိ သင်ယူခဲ့သည်။ အထက်တန်း ပိဋကတ်စာပေများကို မန္တလေး, ပခုက္ကူ, စစ်ကိုင်းတို့တွင် လည်းကောင်း၊ သီရိလင်္ကာ နိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်တို့တွင်လည်းကောင်း ဆက်လက် သင်ယူခဲ့သည်။

www.dhammadowload.com

၁၉၈၈ - မန္တလေးတက္ကသိုလ်မှ (B.A) ဘွဲ့၊
၁၉၈၉ - သာသနဓဇဓမ္မာစရိယဘွဲ့၊
၁၉၉၀ - သာသနဓဇ ဓမ္မာစရိယဘွဲ့၊
၁၉၉၇ - သီရိလင်္ကာနိုင်ငံမှ (M.A) ဘွဲ့၊
၁၉၉၉ - သာသနဟိတ ဂဏဝါစက အာစရိယဘွဲ့၊
၂၀၀၅ - အိန္ဒိယနိုင်ငံမှ (Ph.D) ဘွဲ့,
၂၀၀၆ - နိုင်ငံတော်မှ ဆက်ကပ်သော မဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တို့ကို ရရှိခဲ့ပါသည်။

ဓမ္မဒူတဆရာတော်ဘုရားကြီး လွန်တော်မူချိန်မှစ၍ တောင်စွန်း ဓမ္မဒူတ တောရကျောင်းတိုက်၌ သီတင်းသုံးကာ ဂဏဝါစကနာယက ကမ္မဋ္ဌာနာစရိယ အဖြစ် တာဝန်ယူ ဆောင်ရွက်ရင်း စာပေပို့ချခြင်း၊ စာပေရေးသားခြင်း၊ တိုင်းနှင့် ပြည်နယ်အသီးသီးရှိဓမ္မဒူတ တရားစခန်းများ၊ တရားပွဲများ သို့ ကြွရောက် ဟောပြော ပြသခြင်းတို့ဖြင့် သာသနာ့တာဝန်များ ထမ်းဆောင်ပါသည်။

ယခုအခါတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း၊ ဟံသာဝတီ ဂေါက်ကွင်းအနီး၌ ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည် ထောင်ကာ ပြည်တွင်းပြည်ပ ယောဂီများ ချမ်းသာစွာ တရားဓမ္မ အားထုတ်ကျင့်သုံးနိုင်ရေးအတွက် သာသနိက အဆောက် အအုံများ တည်ဆောက်ကာ လစဉ်တရားစခန်းဖွင့်လှစ်ပြသ လျက် ရှိပါသည်။

www.dhammadowload.com

www.dhammadowload.com

နီးလျက်နဲ့ဝေး

မြတ်စွာဘုရားရှင် ဟောကြားတော်မူတဲ့ တရားဓမ္မတွေဟာ လူတွေ လက်လှမ်းမမီနိုင်တဲ့ အကွာအဝေးမှာ တည်ရှိနေတာ မဟုတ်ပါဘူး။ ကြိုးစားလေ့လာအားထုတ်ရင် သိနိုင်မြင်နိုင်ကြပါ တယ်။ သိကြသူ မြင်ကြသူတွေလည်း ရှိပါတယ်။

လောကမှာရှိတဲ့လူတွေကို တရားအဆင့်အတန်း နဲ့ ခွဲခြားဝေဖန်ပြီးကြည့်ရင် ပုထုဇဉ်နဲ့ အရိယာလို့ နှစ်မျိုးနှစ်စား တွေ့ရပါလိမ့်မယ်။

ပုထုဇဉ်ဆိုတာက တရားမသိသေး၊ မမြင်သေးတဲ့သူပါ။ အရိယာ ဆိုတာက တရားဓမ္မကို သိမြင်ပြီးတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဆိုတဲ့ တရားသိမြင်ပြီးတဲ့ ပုဂ္ဂိုလ်မြတ်တွေပါ။

www.dhammadowload.com

ကျင့်ဆဲ ကြံဆဲ အားထုတ်ဆဲ တရားမသိသေး၊ တရားမမြင်သေးဘူးဆိုတဲ့ ပုထုဇဉ်ကိုလည်း နှစ်မျိုး ခွဲကြည့်ရင် ကလျာဏပုထုဇဉ်နဲ့ အန္ဓပုထုဇဉ်လို့ တွေ့ရမှာပါ။

အန္ဓပုထုဇဉ်ဆိုတာက တရားဓမ္မနဲ့ နီးစပ်မှု မရှိပါဘူး။ တရားနဲ့ အလှမ်းကွာဝေးပြီး ဘာတရားမျှ မသိမရှိသေးတဲ့ ပုထုဇဉ်မျိုးပါ။ ရုပ်ဆိုတာလည်း မသိ၊ နာမ်ဆိုတာလည်း မသိပါဘူး။ ခန္ဓာဆိုတာ လည်း နားမလည်ပါဘူး။ ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုအားထုတ်ရမယ်ဆိုတာကိုလည်း နည်းနည်းမျှကို မသိနားမလည်တဲ့ ပုထုဇဉ်က အန္ဓပုထုဇဉ်ပါ။

ကလျာဏပုထုဇဉ်က အန္ဓပုထုဇဉ်ထက် နည်းနည်းတော့သာပါတယ်။ နည်းနည်းတော့ တော်တယ်လို့ ပြောရပါမယ်။ ရုပ်နာမ်ဆိုတာလည်း ထိုက်သလောက် သိတယ်၊ ခန္ဓာအကြောင်း၊ အာယတနအကြောင်း၊ ဓာတ်၊ သစ္စာတွေအကြောင်းတီးမိခေါက်မိ တရားအမြင် တော်တော်လေးရှိတယ်ဆိုတဲ့ ပုထုဇဉ်က ကလျာဏပုထုဇဉ်ပါ။

တကယ်တမ်း ကြိုးစားလေ့လာအားထုတ်ရင် တရားသိမြင်စရာ အကြောင်းတွေဟာ ကိုယ့်ခန္ဓာနဲ့ လက်တစ်ကမ်းအကွာ ကိုယ့်အနီးအနားပတ်ဝန်းကျင်မှာပဲ ရှိနေပါတယ်။ ဒါပေမဲ့ တရားနဲ့မနီးစပ်ကြဘဲ ဘာကြောင့် နီးလျက်နဲ့ဝေးနေရတာလဲ ဆိုတဲ့ အကြောင်းကို ပြောပြချင်ပါတယ်။

www.dhammadowload.com

ကိလေသာအမိုက်ထဲတိုးဝင်

ကိလေသာဆိုတာပယ်ရမယ့်တရား၊မကောင်းတဲ့တရားပါ။ ပူပန်စေတတ်၊ နှိပ်စက်တတ်ပါတယ်။ စိတ်နှလုံးအေးချမ်းမှု မရဘဲနဲ့ စိတ်ထဲမှာ ပူလောင် ပင်ပန်းပြီး ဆင်းရဲနေရတာဟာ ကိလေသာကြောင့်ပါ။ လူတိုင်းလိုလို တစ်နေ့တစ်နေ့ ညည်းတွားနေကြ၊ ပြောဆိုနေကြပါတယ်။ "စိတ်ညစ်လိုက်တာ၊ စိတ်ဆင်းရဲလိုက်တာ၊ စိတ်တွေ ပင်ပန်းလိုက်တာ"လို့ ပြောနေကြပါတယ်။ ဘယ်သူ့ကြောင့် ပင်ပန်းလဲ၊ ဘယ်သူ့ကြောင့်စိတ်ညစ်နေလဲဆိုရင်ကိလေသာကြောင့်ပါ။ကိလေသာတွေ ရှိနေတယ်ဆိုရင် စိတ်ညစ်တာတွေ၊ စိတ်ဆင်းရဲတာတွေ၊ စိတ်ပင်ပန်း တာတွေ မလွဲမသွေ ရှိနေပါလိမ့်မယ်။

www.dhammadowload.com

ပယ်ရမယ့်တရားတွေကို ပယ်ရမယ့်တရားပါပဲ လို့ မသိဘဲနဲ့ ကိလေသာနောက်ကိုသာ တကောက်ကောက်လိုက်နေတယ်၊ ကိလေသာဘက်ကိုသာ တိုးဝင်နေတယ်ဆိုတာဟာ တရားနဲ့ဝေးသူတွေပါ။ တရားမမြင်တဲ့ ပုထုဇဉ်တွေဟာ ပယ်ရမှာကို မပယ်ဘဲ တွယ်နေပါတယ်။ ကျော်နိုင်းသွားရမယ့် ကိလေသာတွေကို ကျော်မနိုင်းနိုင်ဘဲ ကိလေသာ ဘက်ကို မျက်နှာမူပြီးတော့ ကိလေသာဆီကိုပဲ တည့်တည့်တိုးဝင်နေကြပါတယ်။

တရားသိမြင်တဲ့သူတွေကတော့ ကိလေသာ တွေကို ကျော်နိုင်းသွားပါတယ်။ အရိယာပုဂ္ဂိုလ်တွေဟာ ကိလေသာကို ပယ်စွန့်သွားကြပါတယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုတဲ့ သူတော်စင်၊ သူတော်ကောင်းတွေဟာ ပယ်သင့်တာ ကို ပယ်ပြီးကြပါပြီ။

မြတ်စွာဘုရားရှင် ဟောဖော်ပြတဲ့ ပူလောင်တဲ့ ကိလေသာဆယ်မျိုး ရှိပါတယ်။ အဘိဓမ္မာဒေသနာတော်မှာ ကြည့်လိုက်ရင် ကိလေသာဆယ်ပါးလို့ ဘုရားဟောပါတယ်။

ဒါပေမဲ့လို့ ဒီဆယ်မျိုးလုံး အသေးစိတ် မမှတ်ပါနဲ့ဦး။ အခြေခံ မူလပဓာနဖြစ်တဲ့ ကိလေသာ သုံးမျိုး လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်ကိုသာ ကြည့်လိုက်ပါ။ လောဘဆိုတာ လိုချင်နေတာပါ။ ဒေါသက စိတ်ဆိုးတာပါ။ မောဟဆိုတာက အမှန် မသိတာပါ။ ဒီလို ဘာသာပြန်လိုက်ရင် လောဘနဲ့ လိုချင်တယ်၊ ဒေါသနဲ့ စိတ်ဆိုးတယ်၊ မောဟနဲ့ အမှန်ကို မသိဘူးလို့ ပြောရမှာပါ။

www.dhammadowload.com

တစ်နေ့တစ်နေ့ လူသားတွေမှာ လိုချင်မှုတွေများလှပါတယ်။ မနက်မိုးလင်း အိပ်ရာကထတဲ့ အချိန်ကစပြီးတော့ တစ်နေ့တာ ဖြတ်သန်းလာတဲ့ ကာလကို ကြည့်ရင် "ဟိုဟာလေးလည်းလိုချင်တယ်၊ဒီဟာလေးလည်းလိုချင်တယ်၊ စားစရာလည်း လိုချင်တယ်၊ ဝတ်စရာလည်း လိုချင်တယ်၊ နေစရာလည်း လိုချင်တယ်၊ အသုံးအဆောင်လည်း လိုချင်တယ်၊ တကယ်လိုအပ်တာတွေလည်း လိုချင်တယ်၊ အမှန်တကယ် မလိုအပ်တာတွေလည်း လိုချင်တယ်" လို့ ဖြစ်နေတာပါ။ လိုချင်နေတယ်ဆိုတာက လောဘ ကိလေသာပါ။ လိုချင်လောဘ မဖြစ်တဲ့နေ့ ဆိုတာ မရှိပါဘူး။ ဖြစ်တဲ့အကြိမ်က လည်း တစ်ခါတလေ ဖြစ်တာ မဟုတ်ပါဘူး။ နေ့စဉ်နေ့တိုင်းမှာ အကြိမ် များစွာ ထပ်ကာထပ်ကာ ဖြစ်နေတာပါ။

လိုချင်မှု လောဘဘက်က ကြည့်လိုက်လို့ရှိရင် ကိုယ့်မှာ ပယ်ရမယ့်လောဘကိလေသာဟာအပြည့်အဝကိုရှိနေပါတယ်။ ပယ်ရမယ့် ကိလေသာ အပေါ်မှာ ဘာမျှ မပယ်နိုင်သေးဘဲ မရှိသင့်တဲ့ ကိလေသာတွေ အပြည့်ရှိနေတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့ရမှာပါ။

နောက်တစ်မျိုးကျတော့ ဒေါသဆိုတဲ့ ကိလေသာပါ။ စိတ်ဆိုးတာ၊ အလိုမကျ စိတ်တိုင်း မကျတာ၊ မကျေနပ်နိုင်အောင် ဖြစ်နေကြတာဟာ ဒေါသကြောင့်ပါ။ ဒေါသတွေလည်း အဆင်မပြေမှုနဲ့ တွေ့ကြုံတိုင်း မကြာခဏ ဖြစ်တတ်ကြလို့ ဒေါသ ရှိနေမှန်း သိသာပါတယ်။

နောက်တစ်မျိုးက မောဟကိလေသာပါ။ အမှန်ကိုမသိတဲ့မောဟ၊ အမှန်တရားကိုမမြင်နိုင်တဲ့မောဟတွေလည်းနည်း

www.dhammadowload.com

နည်းမျှကို မလျော့သေးတာ သေချာပါတယ်။ ဒါကြောင့် တရားနဲ့ဝေးသူတွေဟာ ဒေါသတွေကြီး၊ လောဘတွေလည်း ကြီး၊ မောဟတွေလည်း ကြီးနေကြပါတယ်။ မထားရဘူး၊ မရှိသင့်ဘူးဆိုတဲ့ ကိလေသာတွေ အပြည့်အဝ ရှိနေကြပါတယ်။

တရားမသိသူရဲ့နေ့စဉ်ဘဝဟာ လောဘနဲ့ ဆိုးနေကြ၊ ဒေါသနဲ့ ဆိုးနေကြ၊ မောဟနဲ့ ဆိုးနေကြ တာကို ဆိုးသွမ်းသောင်းကျန်းနေတဲ့လောဘဒေါသမောဟကိလေသာတွေရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ဆိုးမှန်းသိရင် တော်ပါတယ်။ ကိလေသာတွေကို ပယ်ရမယ်လို့ သိတယ်ဆိုရင်ပဲ အများကြီး တော်သွားပါတယ်။

ဉာဏ်အမြင်ကျယ်တဲ့ ကလျာဏပုထုဇဉ်ဟာ ပယ်ရမှာကို ပယ်ရကောင်းမှန်း သိပါတယ်။ အန္ဓပုထုဇဉ်၊ ဉာဏ်မယှဉ်တဲ့ ပုထုဇဉ်၊ ဉာဏ်မရှိတဲ့ ပုထုဇဉ်ကျတော့ ပယ်ရမယ်ဆိုတာတောင်မှ မသိပါဘူး။ ငါ့ဒီစိတ်မျိုးတွေဖြစ်နေတယ်၊ လောဘတွေဖြစ်နေတယ်၊ ဒေါသတွေဖြစ်နေတယ်၊ မောဟတွေဖြစ်နေတယ်၊ ဒါတွေကိုပယ်ရမယ်လို့မသိတဲ့သူတွေ အများကြီးရှိပါတယ်။

ကိုယ့်ထက်တောင် ဆိုးတဲ့သူတွေ အများကြီး ရှိပါသေးတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် သတိထားရပါမယ်။ ငါတို့လို တရားဝေးနေသူတွေဟာ တယ်ဆိုး ပါလား၊ တယ်အပြစ်များပါလား၊ ကိလေသာဘက် ကို အမြဲတမ်းကို တိုးဝင်နေကြပါလားလို့ သတိထားရပါမယ်။

www.dhammadowload.com

အစွဲကြီးစွဲနေသူများ

တရားနဲ့ မနီးစပ်သူဟာ ငါ့ဥစ္စာလို့လည်း စွဲတယ်၊ ငါ့ကိုယ်လို့လည်းစွဲတယ်၊ ငါလို့လည်းစွဲတယ်ဆိုတဲ့ အစွဲသုံးမျိုး ရှိပါတယ်။

ငါ့ဥစ္စာဆိုတာက ဥစ္စာပစ္စည်းတွေအပေါ်မှာ တဏှာနဲ့ စွဲတာပါ။ ငါ့အိမ်, ငါ့ယာ, ငါ့လယ်, ငါ့ပစ္စည်း, ငါ့စိန်, ငါ့ရွှေ, ငါ့ငွေ, ငါ့လုပ်ငန်း ဆိုတာတွေကို တပ်မက်မှု တဏှာနဲ့ စွဲနေကြတာပါ။ သေသေချာချာ စဉ်းစားကြည့်လိုက်လို့ရှိရင် ဒီပစ္စည်း ဥစ္စာတွေဟာ ကိုယ်ပိုင်တဲ့၊ ကိုယ်ဆိုင်တဲ့ပစ္စည်း အစစ်အမှန်လို့ ဘယ်သူမျှ မပြောနိုင်ကြပါဘူး။ တစ်ဘဝတာအတွက် ခဏ သုံးနေကြရတာပါ။ ထာဝရကိုယ်ပိုင်တယ်လို့ ဘာတစ်ခုမျှ မရှိပါဘူး။

တစ်ချိန်ချိန်ကျလို့ရှိရင် ဒီပစ္စည်း ဒီဥစ္စာတွေ အားလုံးကို ချန်ထားခဲ့ရမှာပါ။ ပစ္စည်းကလည်း ကိုယ့်ကို စွန့်ချင်စွန့်

www.dhammadowload.com

သွားမယ်။ ကိုယ်ကလည်း ပစ္စည်း ကို စွန့်ချင်စွန့်ရမယ်။ အမြဲ ထာဝစဉ် လက်တွဲနေလို့၊ ဆုပ်ထားကိုင်ထားလို့ မရပါဘူး။ ကိုယ့်သဘောကျ ယူသွားချင်လို့ မဖြစ်ပါဘူး။

ဒီတော့ အမှန်တကယ် ကိုယ်ပိုင်တယ်လို့ပြောရင် မှားပါလိမ့်မယ်။ ခဏ ကိုယ့်ဆီရောက်နေပြီးရင် သူ့လမ်းသူ သွားကြရပါမယ်။ ခဏ ကိုယ့်ဆီရောက် နေတာကို ငါ့ဥစ္စာ ဆိုပြီးတော့ စွဲနေတာဟာ တရားမမြင်သူတို့ရဲ့အမှားပါ။ အဲဒီ အမှားကြီးနဲ့ စွဲနေတာ တရားမမြင်တဲ့ ပုထုဇဉ်တွေပါပဲ။

နောက်တစ်မျိုးက ငါတော်တယ်၊ ငါတတ်တယ်၊ ငါသိတယ်၊ ငါနားလည်တယ်လို့ မာနနဲ့ စွဲနေကြပြန်ပါ သေးတယ်။ လူချင်းလူချင်း ယှဉ်လိုက်လို့ရှိရင် ကိုယ်ပဲ သာတယ်လို့ထင်တယ်။ သူနဲ့ကိုယ်နဲ့ ယှဉ်လိုက်လို့ရှိရင် ကိုယ်ပဲတော်တယ်လို့ ထင်တယ်။ ဟုတ်တယ် မဟုတ်တယ် အပထား၊ ကိုယ့်စိတ်က ထင်ပါတယ်။ ယောဂီချင်း ယောဂီ ချင်းတောင် စိတ်ထဲက ယှဉ်နေသေးတယ်။ "ဟိုယောဂီက တကယ်အားမထုတ်ဘူး၊ ငါက တကယ်အားထုတ်တယ်၊ ကြည့်စမ်း၊ ဟိုယောဂီက စကားတွေများနေ လိုက်တာ၊ ငါတို့က စကားမပြောဘူး" ယောဂီတွေအဲဒီလိုစိတ်ထဲကဖြစ်နေပါတယ်။ မာနနဲ့ဖြစ်နေ တာပါ။

"ငါကတော့ တကယ်တရားလိုချင်တယ်၊ တကယ် တရားရအောင်လည်း ကြိုးစားနေတယ်၊ သူတို့ကတော့ အလ ကားပါ၊ ဟုတ်တာမဟုတ်ဘူး၊ တရားလိုချင်လို့ လာအား ထုတ်တာ မဟုတ်ဘူး" လို့ သူများကိုကျတော့ အောက်ချ ထားတယ်။ ကိုယ့် ကိုယ်ကိုယ်ကျတော့ မြှင့်ထားပါတယ်။

www.dhammadowload.com

အဲဒီအစွဲသုံးမျိုးကို နာမည်တစ်ခုနဲ့ ပြောကြစို့ဆိုရင် ပပဉ္စတရားလို့ ခေါ်ပါတယ်။ ပပဉ္စတရား ဆိုတာသံသရာ နယ်ပယ်ကို ချဲ့ထွင်တဲ့တရား၊ သံသရာတွေ ရှည်သထက် ရှည်အောင်၊ သံသရာနယ်ပယ် ကျယ်သထက်ကျယ်အောင်လို့ ချဲ့တဲ့ တရားပါ။ သံသရာအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ဘာဖြစ်လို့ မရောက်တာလဲဆိုရင် သံသရာနယ်တွေကို ချဲ့နေကြလို့ မရောက်တာပါ။ သံသရာနယ်တွေကို ကျယ်သထက်ကျယ် အောင် ချဲ့နေကြရင် နိဗ္ဗာန်နဲ့ ဝေးသည် ထက်ကို ဝေးသွားမှာပါ။

ဒီအစွဲသုံးမျိုးကို နည်းနည်းမျှမကျန်အောင် ပယ်ရမှာပါ။ အခု ရုပ် - ရုပ်၊ နာမ် - နာမ်လို့ ကမ္မဋ္ဌာန်း ပေးပြီးတော့ ရှုနိုင်း ပါတယ်။ အစွဲတွေကိုပယ်ဖို့ ရှုမှတ် နေရတာပါ။

ကိုယ်နဲ့ဆက်စပ်သမျှသည် ရုပ်တရား၊ စိတ်နဲ့ ဆက်စပ် သမျှသည် နာမ်တရား၊ ကိုယ်ထဲမှာ ဖြစ်နေတာသည် ရုပ်တရား၊ စိတ်ထဲမှာဖြစ်နေတာသည် နာမ်တရား၊ ကိုယ်ပေါ်မှာ ပေါ်နေတာ သည် ရုပ် တရား၊ စိတ်ထဲမှာ ပေါ်နေတာသည် နာမ်တရားလို့ ရှုနေခြင်းအားဖြင့် တဖြည်းဖြည်းနဲ့ ရုပ်နဲ့နာမ်ကို မြင်လာ ပါတယ်။

တရားကျင့်သူတွေ တရားအားထုတ်ရင်၊ ဝိပဿနာရှုရင် ဝိပဿနာရဲ့ အရှုခံအာရုံဖြစ်တဲ့ ရုပ်နာမ်ကို မြင်နေရပါတယ်။ ရုပ်နာမ်မြင်မှ ဝိပဿနာ အမြင်မှန်ပါတယ်။

www.dhammadowload.com

တချို့ယောဂီတွေက ဘုန်းကြီးကို တရား လျှောက်တဲ့ အခါ လာလာပြီးတော့ လျှောက်တတ်ပါတယ်။ "အရှင်ဘုရား၊ တပည့်တော် ဘာမျှလည်း မမြင်သေးဘူး" တဲ့။ သူ ဘာမြင်ချင် နေလဲ မသိ ပါဘူး။ အခု ရှုနေတာ ဘာကိုရှုနေတာလဲဆိုရင် ရုပ် နာမ် ရှုနေတာပါ။ ဘာမြင်ရမှာလဲဆိုရင် ရုပ်နာမ် မြင်ရမှာပါ။

တချို့က ယောဂီတွေ သူများပြောသံကြားနဲ့ တရား အားထုတ်လို့ရှိရင် ဘုရားရှင်ကြွလာတယ်၊ ရဟန္တာတွေ ကြွလာတယ်၊ ဘုရားလည်းပဲ ဖူးရတယ်၊ စေတီတွေလည်းပဲ ဖူးရတယ်၊ နတ်ပြည်ရောက်သွားတယ်၊ နတ်သားတွေတွေ့ တဲ့သူ တွေ့တယ်၊ နတ်သမီးတွေ တွေ့တဲ့သူလည်း တွေ့တယ်၊ တချို့က ဘီလူးသရဲတွေ့တယ်လို့ ကြားဖူးတော့ ယောဂီတွေ လည်း သူများတွေလို တွေ့ချင်ကြပုံ ရပါတယ်။

တပည့်တော်တို့ကတော့ ဘာမျှလည်း မမြင်သေးဘူး တဲ့။ အဲဒါတွေမြင်ရဖို့ အဓိကလား၊ ရုပ်နာမ်မြင်ရဖို့ အဓိကလား လို့ဆိုရင် ရုပ်နာမ်မြင်ဖို့က အဓိကပါ။

ဝိပဿနာတရားအားထုတ်စဉ်မှာရုပ်နာမ်ပဲမြင်ရပါမယ်။ တခြားအာရုံတွေ ပေါ်လာရင်လည်း နှလုံးမသွင်းဘဲနဲ့ ကိုယ်ရှု နေတဲ့ ရုပ်နာမ်ပဲ ဆက်ပြီးတော့ ရှုမှတ်နေရပါမယ်။ ဒီလို ရှုမှတ် ခြင်းအားဖြင့် ငါ့ကိုယ်ဆိုတဲ့ ဒိဋ္ဌိစွဲပျောက်သွားပါတယ်။

တစ်လောကလုံး ရုပ်နာမ်ပဲ ရှိပါတယ်လို့ မြင်တာ အမြင် မှန်ပါ။ တရားသိမြင်တဲ့အရိယာပုဂ္ဂိုလ်တွေမြင်နေတာဒီအတိုင်း မြင်နေကြ ပါတယ်။ ငါသူတစ်ပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား ၊ မိန်းမ ဆိုတဲ့အမြင်မျိုး အရိယာတွေမှာ မရှိပါဘူး။

www.dhammadowload.com

တရားရှုတယ်ဆိုတာ အမှန်မြင်အောင် ကျင့်နေတာပါ။ ရုပ်နာမ်မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ငါ့ကိုယ်ဆိုတဲ့အမြင် မရှိတော့ပါဘူး။ ရုပ်နဲ့နာမ်ပဲ ရှိတယ်။ တကယ်သဘောပေါက် သွားရင် ငါဆိုတာ မရှိတော့ပါဘူး။ ငါဆိုတာ မရှိတော့ရင် မာနစွဲ လည်း ပျောက်သွားပါတယ်။ ငါဆိုတာမှ မရှိလို့ရှိရင် ငါပိုင် တဲ့ ဥစ္စာပစ္စည်းတွေဆိုတဲ့ အမြင်မျိုးလည်း မရှိတော့ပါဘူး။ ငါ့လက်၊ ငါ့ခြေ၊ ငါ့ခေါင်းဆိုတာလည်းမရှိတော့ပါဘူး။ ဘာရှိသေးလဲဆိုရင် ရှုမှတ်နေတဲ့ အရှုခံရုပ်နာမ်ပဲ ရှိပါတော့တယ်။

ရုပ်ကလည်းရုပ်ရဲ့အလုပ်ကိုလုပ်နေတယ်။ နာမ်ကလည်း နာမ်ရဲ့အလုပ်ကိုလုပ်နေတယ်။ ရုပ်နဲ့နာမ် နှစ်ခုပေါင်းစပ်ပြီးတော့ လှုပ်ရှားနေတယ်၊ သွားလာနေတယ်၊ စားသောက်နေတယ်၊ နေထိုင်နေ တယ်၊ တကယ့်အရင်းခံသဘာဝ ကြည့်လိုက်တော့ ရုပ်နာမ်သာရှိတယ်လို့မြင်ရင် အမြင်မှန်ပါ။

ဒီလိုမှ မမြင်နိုင်ဘဲနဲ့ တဏှာ၊ ဒိဋ္ဌိ၊ မာနအစွဲ တွေ ရှိနေလို့ ရှိရင် အမြင်မှားပါ။ တရားရတယ်ဆိုတာသည် အမြင်မှန်နဲ့မှ ရတာပါ။ အမြင်မမှန်ရင် တရားမှန် မရနိုင်ပါဘူး။ တရားရ ချင်တယ်ဆိုရင်အမြင်မှန်အောင်ကျင့်ရမှာပါ။ ပထမဦးဆုံးအရှုခံ ဖြစ်တဲ့ ရုပ်နဲ့နာမ်ကို သေသေချာချာ မြင်အောင် ကြည့်ရမှာပါ။ တခြား ဘာမျှ လိုက်မရှာပါနဲ့။ လိုက် ရှာရမှာ မဟုတ်ပါဘူး။ မြင် အောင် ကြည့်ရမှာပါ။

www.dhammadowload.com

ခန္ဓာမှာရှိတဲ့ရုပ်နာမ်၊ ကိုယ်နဲ့ဆက်စပ်နေတာ ရုပ်တရား၊ စိတ်နဲ့ဆက်စပ်နေတာ နာမ်တရား၊ ကိုယ်မှာဖြစ်နေတာ ရုပ်တရား၊ စိတ်မှာဖြစ်နေတာ နာမ် တရား၊ ကိုယ်မှာပေါ်နေတာ ရုပ်တရား၊စိတ်မှာပေါ်နေတာနာမ်တရားလို့သိသွားရင်ဉာဏ်ထဲ မြင်သွားရင် တော်တော်လေး တရားမြင်သွားပါပြီ။

www.dhammadowload.com

သံသရာလည်ဖို့သာ

တရားနဲ့ဝေးသူတွေပြုနေလုပ်နေတာကိုကြည့်လိုက်ရင် သံသရာဝဋ်ဆင်းရဲမှာဖြစ်ဖို့ကိုသာ ပြုနေကြပါတယ်။ သံသရာလည်ဖို့ကိုသာ ပြုလုပ် နေကြတယ်လို့ တွေ့ရမှာပါ။ ဝဋ်ဆိုတာ လည်နေတဲ့ သဘောပါ။ သံသရာဆိုတာ ဘဝတွေ အဆက် မပြတ်အောင် ဆက်စပ်နေတာပါ။ သံသရာဝဋ်တွင်း မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတွေ မရပ် မနား ချာချာလည်နေပါတယ်။ ဆက်ကာ ဆက်ကာ ဖြစ်နေပါတယ်။

အသက်ကြီးလို့ အိုမင်းမစွမ်း ဖြစ်လာရင် ဒုက္ခ ရောက်ပါတယ်။ ငယ်ငယ်တုန်းကဆို ကိုယ့်သဘော ကိုယ့်အကြိုက် နေနိုင်သေးတယ်။ အခုနေလို့မရတော့ဘူး။ နေလို့မကောင်းဘူး၊ ထိုင်လို့မကောင်းဘူး၊ သွားလို့လာလို့ စားလို့သောက်လို့ မကောင်းဘူး၊ အိပ်လို့လည်းမကောင်းဘူး၊ ဘာတစ်ခုမျှ မကောင်း တော့ဘူးဆိုပြီး မကောင်းတာတွေ ဖြစ်နေတာဟာ အိုတဲ့ဒုက္ခပါ။

www.dhammadowload.com

အိုတဲ့ဒုက္ခတင်မကသေးပါဘူး။ ဒီဘဝရလာပြီဆိုလို့ရှိရင် နာရတဲ့ဒုက္ခရှိပါသေးတယ်။ ခန္ဓာရှိရင်အနာရောဂါမကင်းပါဘူး။ ခန္ဓာကြီး ဖောက်ပြန်တဲ့ အချိန်မှာ တစ်ခုမဟုတ်တစ်ခု၊ တစ်မျိုးမဟုတ်တစ်မျိုး ရောဂါတွေ ဖြစ်လာပါတယ်။ အိုရတာ ဒုက္ခဖြစ်သလို နာရတာလည်း ဒုက္ခဖြစ်ပါတယ်။ ဒီလိုဆိုရင် မအို အောင်၊ မနာအောင် လုပ်ကြစို့ဆိုတော့လည်း မရပါဘူး။ အိုရုံ နာရုံနဲ့ပြီးကြစို့ ဆိုတော့လည်း မရ ပါဘူး။ အိုပြီး နာပြီးရင် သေရမှာပါ။ သေရတာ လည်း ဆင်းရဲပါတယ်။

ဘဝတစ်ခုမှာ အစကနေအဆုံး သေသေချာချာမြင် ကြည့်လိုက်ရင်ဘဝအစကလည်းဆင်းရဲတယ်၊ ဘဝအလယ်က လည်း ဆင်းရဲတယ်၊ ဘဝအဆုံးက လည်း ဆင်းရဲပါတယ်။ တစ် ဘဝလုံး ချမ်းသာတယ် ဆိုတာ မရှိပါဘူး။

ချမ်းသာနီး ချမ်းသာနီးနဲ့ မျှော်လင့်နေတာ၊ ဖြည့်ဆည်း နေရတာတွေသာ ရှိပါတယ်။ အမှန်က ဒုက္ခဆင်းရဲတွေသာ တစ်ခုပြီးတစ်ခု ချာချာလည် နေတာပါ။ ဒုက္ခဆင်းရဲတွေ ချာချာ လည်နေတာသည် သံသရာဝဋ်ဆင်းရဲပါ။

သံသရာဝဋ်ထဲမှာပဲ ချာချာလည်နေအောင် ဖန်တီး ပြုလုပ်နေတာဟာ တရားနဲ့ဝေးသူတွေပါ။ ဒုက္ခထဲမှာ နေချင် တာဟာ အရိယာမဖြစ်သေးတဲ့ ပုထုဇဉ်တွေပါ။ ဒုက္ခထဲမှာ ပျော်နေတာဟာ တရားနဲ့ ဝေးလွန်းလို့ပါ။ ဒီလောက်ဒုက္ခများ တဲ့ဘဝ၊ ဒုက္ခ လွတ်ကြောင်းတရား ရှာပါလားလို့ဆိုတော့ မရှာပါဘူး။

www.dhammadowload.com

တရားအားထုတ်လိုက်လို့ရှိရင်၊ တရားရှာလိုက်လို့ရှိရင် သူတို့ဆင်းရဲဝဋ်ကျွတ် သွားမှာစိုးလို့ "နေပါဦး၊ နောက်မှ အားထုတ်တာပေါ့၊ စောပါသေးတယ်၊ အချိန်ရှိပါသေးတယ်၊ နောက်မှကျင့်တာပေါ့" လို့ အချိန်ဆွဲနေတတ်ကြပါတယ်။ အချိန်ဆွဲတာဟာ ဒုက္ခနဲ့နေချင်လို့ဆိုတဲ့ သဘောပါ။ နေချင်လို့ နေနေကြတာဆိုတော့ ဘုန်းကြီးတို့ ဘာပြောနေစရာမျှ မလိုတော့ပါဘူး။ နေချင်လို့ နေနေကြတာ၊ မနေချင်လို့ရှိရင် ဒုက္ခလွတ်ကြောင်းတရားတွေ လိုက်နာကျင့်သုံးဖို့ မြတ်စွာဘုရားက ဟောထားပါတယ်။

ကျင့်ကြံတဲ့သူတွေလည်း တကယ်ပဲ သံသရာဝဋ်က လွတ်သွားကြပါတယ်။ လွတ်အောင်လုပ်လို့လည်း ရပါတယ်။ ဒါပေမဲ့ မလုပ်ပါဘူး။ ဖြစ်နေ သမျှ လုပ်နေသမျှကို ကြည့်လိုက်မယ်ဆိုရင် ဝဋ်ဆင်းရဲမှာ ဖြစ်ဖို့ကိုသာလျှင် အမြဲကိုပြုနေတာ သည် တရားမမြင်သူပါ။

တရားမမြင်သူတွေ တစ်နေ့တစ်နေ့ လုပ်နေတဲ့အလုပ် မှန်သမျှဟာ သံသရာဝဋ်လည်ဖို့သာ များပါ တယ်။ အခုလည်း ပဲလည်နေတာပါ။ လည်နေရင်းနဲ့ကိုထပ်လည်ချင်နေကြပါသေး တယ်။ အခုလည်းပဲ လက်ရှိမှာ ဒုက္ခတွေရှိပါတယ်။ ဒုက္ခတွေရှိ လျက်သားနဲ့ ဒုက္ခကိုသာ ထပ်လိုချင်နေကြပါတယ်။ ဒီဘဝပြီးရင် နောက်တစ်ဘဝလာမှာ အသေအချာဆိုတော့ ဒီဘဝမှာ လည်း ဒုက္ခ၊ နောင်ဘဝမှာလည်း ဒုက္ခရှိပါတယ်။ နောင်ဘဝမှာ ဒုက္ခ မရောက်အောင် နိဗ္ဗာန်ရောက်အောင် ကျင့်မယ်လို့

www.dhammadowload.com

စိတ်ကူးမိသူ နည်းပါတယ်။ သေရောကျေရော နိဗ္ဗာန်ရောက်အောင် ကျင့်မယ် ဆိုတဲ့သူ ရှားပါတယ်။

တရားကျင့် တာတောင် အိပ်ကောင်း စားကောင်း ရှိအောင်၊ နေကောင်းထိုင်သာ ရှိအောင်လောက်ပဲ ကျင့်ဖို့ စိတ်ကူးထားကြတယ်။ ဒီဒုက္ခတွေဟာအခုလက်ရှိဘဝမှာလည်း ရှိနေသလို နောင်ကိုလည်း လာဦးမှာပါ။ ဒုက္ခတွေ မရချင်ဘူး၊ မလိုချင်ဘူးဆိုရင် သံသရာဝဋ်ကနေ လွတ်ကြောင်းတရားကို ရှာရမှာ ပါ။ လွတ်လမ်းကိုရှာ၊ လွတ်အောင် ကျင့်ရမှာပါ။

လွတ်လမ်းကလည်း လွတ်လိုသူတွေ ကျင့်ဖို့ အတွက် ဘုရားရှင်က ဟောပြီးသားပါ။ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် သံသရာလွတ်တဲ့လမ်းပါ။ သံသရာလွတ်တဲ့လမ်းကိုတောင် ကိုယ်ကိုယ်တိုင် ရှာစရာ မလိုပါဘူး။ ဘုရားရှင် ရှာသွားပြီးပါပြီ။ "ကျွတ်လွတ်ချင်သူတွေ ဒီလမ်းက လျှောက်ကြ၊ ငါဘုရားရှင်လည်း ဒီလမ်းက လျှောက်လှမ်းပြီးတော့ နိဗ္ဗာန်ကို ရောက်ပြီ၊ ဒုက္ခတွေ လွတ်သွားပြီ၊ ဒီလမ်းကို လိုက်ခဲ့ကြ" လို့ ညွှန်ပြသွားပါတယ်။ လမ်းကို တမင်တကာ ခဲခဲယဉ်းယဉ်း မရှာရတော့ပါဘူး။ အဲဒီတော့ လွတ်အောင်ကျင့်ဖို့ပဲ ကျန်ပါ တော့တယ်။

ဒကာတစ်ယောက်က ဘုန်းကြီးကို လျှောက် ဖူးပါတယ်။ သူ ဘာလို့ တရားမရတာပါလဲတဲ့။ တရားအားထုတ်ချိန်မှာ တရားရဲ့အနှောင့်အယှက်သည် စကားပါ။

တရားမရအောင်ဘယ်သူလုပ်တာတုန်းဆိုရင်စကားက လုပ်ပါတယ်။ စုပေါင်းအားထုတ်တဲ့ နေရာက ပြန်သွားပြီးတော့

www.dhammadowload.com

ကိုယ့်အဆောင်မှာ တစ်ယောက်နဲ့တစ်ယောက် ဟိုအကြောင်း ဒီအကြောင်း ပြောချင်ရာပြောရင် မရပါဘူး။ ပြောချင်တာ တွေပြောတော့ စိတ်အာရုံကလည်း ပြောတဲ့စကားနောက်ကို ပါသွားပါတယ်။

ဘုန်းကြီးတို့ ရှေးကလူကြီးတွေ ပြောသွားခဲ့တဲ့ စကား ရှိတယ်။ စကားနောက်တရားပါတဲ့။ စကားနောက် တရားပါ သွားပါတယ်။ စကားပြောလိုက်တာနဲ့ တစ်ပြိုင်နက် အားထုတ် ထားတဲ့သမာဓိတွေပါသွားပါပြီ။ အားထုတ်လို့မြင်လိုက်တဲ့ဉာဏ် တွေ ပျက်စီးကုန်ပါပြီ။

နောက်ယောဂီတစ်ယောက်က ဘုန်းကြီးကို မေးတယ်။ "အရှင်ဘုရား တပည့်တော် တကယ် တရားလိုချင်တယ်ဘုရား၊ ဘာဖြစ်လို့ တရားမရလဲ သိလည်းသိချင်တယ်ဘုရား" တဲ့။

ဘုန်းကြီးက သူ့ကို နစ်ခုပဲပြောတယ်။ ဒကာကြီး တရား အားထုတ်တဲ့ အချိန်တွေမှာ ငိုက်နေတာ၊ ပျင်းရိနေတာ နစ်ခုကို ပယ်လိုက်ရင် တရားရပြီ။ တရားအားထုတ် တရားအလုပ်ကို လုပ်နေတဲ့ အချိန်မှာတောင် မြင်နေရတယ်။ တချို့ယောဂီတွေ စကားတော့မပြောဘူး။ ဘာလုပ်နေကြလဲ။ ငိုက်နေကြတယ်။

ဒီမှာ တရားအားထုတ်ပြီဆိုရင် သူတို့ကို အိပ်ဖို့များ ခေါ်တယ်ထင်လားတော့ မသိဘူး။ ယောဂီတွေ တချို့က လာလာပြီးတော့ ငိုက်နေကြတယ်။ ဘုန်းကြီးက ပလ္လင်ပေါ်က ထိုင်ပြီးတော့ ယောဂီတွေ ဘယ်လိုကျင့်၊ ဘယ်လိုအားထုတ်၊ ဘယ်လိုနလုံးသွင်းပြောနေတယ်။ သူတို့ကဂရုလည်းမစိုက်ဘူး။

www.dhammadowload.com

ငိုက်နေကြတယ်။ ဘုန်းကြီးပြောတာကို ကြားရဲ့လား မသိဘူး။ ငိုက်နေတဲ့အချိန်မှာ ယောဂီတွေ မကြားပါဘူး။

ဘုန်းကြီးက ပြောချင်ရာပြော၊ သူတို့က ငိုက်ချင်သလို ငိုက်နေတာပါ။ ကြိုက်မရက်၊ ငိုက်မရက်၊ ဝတ်မရက်တဲ့။ ကျန်တာတွေတော့ ဘုန်းကြီးမသိပါဘူး။ ငိုက်ရင် မရက်တာတော့ ကျိန်းသေတယ်။ အဒီတော့ ငိုက်နေရင် တရားမမြင်ပါဘူး။

နောက်တစ်ခု တရားမရတဲ့အကြောင်းက ပျင်းနေရင်လည်းပဲတရားမရပါဘူး။ ပျင်းနေရင်တရားမျှမဟုတ်ဘူး။ တခြားအလုပ်တွေ ဘာပဲလုပ်လုပ်၊ စီးပွားရှာသူ ပညာသင်သူတွေမှာကော ပျင်းရင် စီးပွားမဖြစ်ပါဘူး။ ပညာမရပါဘူး။ အပျင်းတရားကလည်းပဲ တရားမရအောင် နှောင့်ယှက်တယ်။

ဒီတော့ ကိုယ့်ကိုယ်ကိုယ် ကိုယ်ပြန်သတိထား ပေါ့။ ငါအားထုတ်နေတာ ဘာလိုလဲ၊ ငါဘယ်လို ဖြစ်နေလဲပေါ့၊ ငါစကားတွေကော မပြောဘဲနေနေလား၊ ငါမငိုက်အောင် ကျင့်နေတာလား၊ ငါ အပျင်းတရားတွေကို နိုင်ပြီလားပေါ့။ ဒါတွေသိဖို့လိုပါတယ်။ အားထုတ်နေတာ ကျင့်နေတာဟာ အလကားမဟုတ်ဘူး။ ဝဋ်ဆင်းရဲက လွတ်ဖို့၊ ဒုက္ခတွေလွတ်ဖို့၊ စားကာ သောက်ကာ၊ သွားကာ လာကာ၊ ပျော်ကာ ပါးကာနဲ့ နေလို့ရှိရင် ဝဋ်ဆင်းရဲ ဒုက္ခတွေက လွတ်မှာ မဟုတ်ပါဘူး။

www.dhammadowload.com

ဘဝမျိုးစုံကျင်လည်

တရားမမြင်သေးတဲ့ သူဟာ ဂတိငါးပါးမှာ လှည့်ကာ ကျင်လည်ရပါတယ်။ ဂတိဆိုတာ သတ္တဝါတွေ လားရောက်ရမယ့်ဘဝပါ။ လက်ရှိ လူ့ဘဝကနေပဲ အခြေခံထားပြီး စဉ်းစားကြည့်ပါ။ လူတစ်ယောက်သေပြီးရင်ရောက်နိုင်တဲ့ဂတိ၊ သွားရမယ့်လမ်းငါးမျိုးရှိပါတယ်။ ရောက်ရမယ့် ဘဝငါးမျိုး ရှိပါတယ်။

ဒေဝ, မနုဿ, နိရယ, ပေတနဲ့ တိရစ္ဆာန် တွေပါ။ ဒေဝဆိုတာ နတ်၊ မနုဿဆိုတာ လူ၊ နိရယဆိုတာ ငရဲ၊ ပေတဆိုတာ ပြိတ္တာ၊ တိရစ္ဆာန ဆိုတာက တိရစ္ဆာန်ပါ။ အမြင့်ဆုံးက စကြည့်လိုက်ရင် လူတစ်ယောက် သေသွားပြီးရင် နတ်ပြည်လည်းပဲ ရောက်နိုင်တယ်။ လူသေပြီးသွားရင် နတ်ပြည်ဌာန နတ်လောကမှာ ကောင်းကျိုးချမ်းသာ၊ စည်းစိမ် ချမ်းသာတွေနဲ့

www.dhammadowload.com

ခံစားနေရတာတွေ ရှိပါတယ်။ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ ဒီနတ်ပြည်တွေကိုလည်း သွားနိုင်ပါတယ်။ ဗြဟ္မာ့ပြည်ကိုလည်း ရောက်သွားနိုင်ပါတယ်။

နောက်တစ်မျိုးလားရောက်နိုင်တဲ့ဂတိက မနုဿဂတိ လူ့ဘဝပါ။ လူတစ်ယောက်သေပြီးရင် လူလည်း ပြန်ဖြစ်နိုင်ပါတယ်။ လူသေတိုင်းလူဖြစ်တာမဟုတ်ပါဘူး။ ကုသိုလ်ကောင်းမှုတွေ ပြုတဲ့သူတွေ လူပြန်ဖြစ်တာပါ။

လူတစ်ယောက် သေသွားပြီးရင် အကုသိုလ်ကံတွေ ပြုထားမယ်၊ ဒေါသ မောဟတွေ သိပ်ကြီးမားမယ်ဆိုရင် ငရဲလည်း ကျနိုင်ပါတယ်။ ငရဲဆိုတာ အမြဲတမ်း ဆင်းရဲဒုက္ခ ရောက်နေတဲ့ဘဝမျိုးပါ။ အချိန်နှင့်အမျှ ၊ မိနစ်စက္ကန့်နဲ့အမျှ သူ့မှာ သက်သာခွင့် ချမ်းသာခွင့်ဆိုတာ မရှိပါဘူး။ အမျိုးမျိုး နှိပ်စက်ခံနေရတယ်။ နည်းလမ်းပေါင်းစုံနဲ့ မစဉ်းစားရဲလောက်အောင် မတွေးရဲလောက်အောင် ကြောက်စရာကောင်းတဲ့ ဒုက္ခတွေ ခံနေရပါတယ်။ အပိုင်းပိုင်း ခုတ်ဖြတ် သတ်ခံနေရလည်းမသေဘူး။ သူ့ကံက ရှိနေသေး တော့ ခံရတာပဲ။ ဆုံးချွန်နဲ့ထိုးလည်း မသေနိုင်ပါဘူး။ မသေပေမဲ့လို့ မသေရုံတစ်မည် ဆင်းရဲဒုက္ခတွေ ခံရပါတယ်။

လူ့ဘဝမှာ ဆင်းကွနဲ့ကြုံတယ် ဆိုတာက ကောင်းတစ်ခါဆိုးတစ်လှည့်ရှိပါသေးတယ်။ ဒုက္ခဆိုတာရှိသလိုသုခဆိုတာလည်းပဲ ရှိသေးတယ်။ တစ်ခါတလေမှာ ချမ်းသာဆိုတာ

www.dhammadowload.com

လာပါသေးတယ်။ ဘယ်လောက်ဆင်းရဲတဲ့ သူပဲဖြစ်ဖြစ် သူ့မှာ ပျော်ချိန်ဆိုတာတွေ၊ စိတ်သက်သာတဲ့အချိန်တွေ ရှိပါသေးတယ်။

ငရဲကျတဲ့သူတွေမှာတော့ အဲဒီလို လွတ်လပ်ခွင့် ရှိကိုမရှိပါဘူး။ အချိန်ပြည့် ဒုက္ခရောက်နေရပါတယ်။ အချိန်ပြည့်ဒုက္ခရောက်နေတာကိုငရဲလို့ခေါ်ပါတယ်။ လူတစ်ယောက် သေပြီးတဲ့အချိန်မှာငရဲကိုလည်းကျနိုင်သလို တိရစ္ဆာန်နဲ့ပြိတ္တာဘဝကိုလည်း ရောက်နိုင်ပါတယ်။

ပြိတ္တာဘဝဆိုတာအခုအနီးစပ်ဆုံးပြောရလို့ရှိရင်တချို့ အစွဲအလမ်းတွေနဲ့ သားစွဲ၊ သမီးစွဲ၊ ပစ္စည်းစွဲပြီးသေတော့ မကျွတ်ပါဘူး။ ကိုယ့်မိသားစု ဆွေမျိုးသားချင်း တစ်ယောက် ယောက်သေပြီးတော့မှအိမ်မှာသူ့အရိပ်အယောင်မြင်ရတာတို့၊ သူ့အသံ ကြားရတာတို့၊ ချွတ်ချွတ် ချွတ်ချွတ်နဲ့ ဟိုနားဒီနား အသံပြုတာတို့ရှိတတ်ပါတယ်။ အဲဒီလိုမကျွတ်မလွတ်ဖြစ်နေ တာဟာ ပြိတ္တာဘဝပါ။

ကျင်လည်ခဲ့တဲ့ ဘဝဟောင်းရဲ့အနီးအနားမှာပဲ တဝဲ လည်လည်ဖြစ်နေပါတယ်။ သံယောဇဉ်မကုန်၊အစွဲကြီးစွဲလွန်း တဲ့အတွက်ကြောင့် လွတ်ရာကျွတ်ရာကို မသွားနိုင်ပါဘူး။ မြင်တဲ့တွေ့တဲ့သူတွေက သူ့ကို ကြောက်လန့်ကြပါတယ်။ ဘယ်လောက်ချစ်တဲ့သူပဲဖြစ်ဖြစ် သေသွားပြီးရင် ဘဝခြား သူ့ကို ကျန်ရစ်သူတွေက မမြင်ချင်တော့ပါဘူး။ တချို့က သားသမီး စိတ်မချလို့တဲ့၊ အဖေအမေတွေ ပြိတ္တာဖြစ်ပါတယ်။ တချို့သားသမီးတွေက မိဘစိတ်မချလို့တဲ့၊ မိဘကို ချစ်လွန်း ခင်လွန်းလို့ တချို့ကလည်း ပြိတ္တာ ဖြစ်တတ်ပါတယ်။

www.dhammadowload.com

ပြိတ္တာဘဝဆိုတာ ဒုက္ခရောက်တဲ့ဘဝပါ။ သူများတွေ မကြည့်ချင်တဲ့ဘဝ၊ မမြင်ချင်တဲ့ဘဝ ရောက်နေရတာပါ။ ချစ်လို့ ခင်လို့ စွဲလမ်းလို့ သူကတော့ဖြင့် သူဒီမှာရှိနေပါတယ်လို့ သိအောင် အရိပ်အယောင်တွေ ပြပါတယ်။ မြင်တဲ့ တွေ့တဲ့သူက မမြင်ရဲလို့ ကြောက်လန့်ပါတယ်။ သူက ခြောက်တာမဟုတ်ပါဘူး။ ကိုယ်ကကြောက် နေတာပါ။ ဒါကို တစ္ဆေခြောက်တယ်၊ သရဲခြောက် တယ်လို့ ပြောနေတာပါ။

ဘယ်လောက်ချစ်တဲ့သူဖြစ်ဖြစ် သေပြီးရင် တစ်အိမ်တည်း အတူမနေချင်တော့ပါဘူး။ ဒီအိမ်မှာ သူရှိနေသေးတယ်၊ မကျွတ်ဘူး၊ အသံတွေကြားနေရတယ်၊ ခြေသံတရှပ်ရှပ်နဲ့ ကြားတာတို့၊ နောက်ဖေး လှူရောက်နေတဲ့အချိန် အိမ်ရှေ့မှာ အသံဗလံမြည်တာတို့ဆိုရင်နေရထိုင်ရတာအနေခက်ပါတယ်။ စိတ် ဆင်းရဲပါတယ်။ ပြိတ္တာတွေရဲ့ဘဝဟာ စားစရာလည်း မရှိပါဘူး။ ဝတ်စရာလည်း မရှိပါဘူး။ နေစရာလည်း မရှိပါဘူး။ ဘယ်သူကမျှလည်း မချစ်မနှစ်သက်ပါဘူး။

လူတစ်ယောက်သေပြီးရင် တိရစ္ဆာန်ဘဝကိုလည်း ရောက်နိုင်ပါသေးတယ်။ လူသေပြီး တိရစ္ဆာန်ဖြစ်တာရှိပါတယ်။ တချို့ ကျွဲဖြစ်တယ်၊ နွားဖြစ်တယ်၊ ခွေးဖြစ်တယ်၊ ကြောင်ဖြစ်တယ်၊ ကြက်ဖြစ်တယ်လို့ ရှိပါတယ်။ တိရစ္ဆာန်ဘဝဟာ ပိုပြီးတော့ တောင်မှ ဒုက္ခများပါတယ်။ ကြီးနိုင်ငယ်ညှဉ်း တစ်ကောင်နဲ့တစ်ကောင်သတ်ဖြတ်စားတာခံရတယ်။ အင်အားကြီးတဲ့ကောင်က အင်အားငယ်တဲ့အကောင်ကို အနိုင်ယူ

www.dhammadowload.com

တယ်။ နိုင်တဲ့ကောင်က ရှုံးတဲ့ကောင်ကို စားတယ်။ နိုင်ရာစားလောကသည် တိရစ္ဆာန်လောကပါ။

ဒုက္ခရောက်တယ်ဆိုပေမဲ့ လူတွေမှာ နေစရာ ရှိသေးတယ်၊ ဝတ်စရာ ရှိသေးတယ်၊ စားစရာကို ဖန်တီးနိုင်သေးတယ်။ အစု မိုးတွေရွာနေတယ်။ တချို့တိရစ္ဆာန်တွေ နေစရာအသိုက်အအုံတွေ မလုံခြုံဘူး။ စားစရာကို လူတွေကကိုယ်တိုင်စိုက်ပျိုး ပြီးတော့ စားနိုင်တယ်။ သူတို့မှာ စိုက်ပျိုးစားနိုင်တဲ့စွမ်းအင်စွမ်းအားတွေ မရှိပါဘူး။ အစာကို မနည်းရှာ ပြီးတော့စားရတယ်။ မိုးတွင်းရေကြီးတဲ့အချိန် ဘုန်းကြီး သတိထားကြည့်တယ်။ ပုရွက်ဆိတ်တွေ တက်လာပြီးတော့ စားသောက်စရာကို ဝိုင်းအုံနေတာ အလုအယက်ပါပဲ။ မိုးဦးကျကတည်းကပုရွက်ဆိတ်တွေ စားစရာ သောက်စရာကို အုံ၊ အမြင့်တက်နေတာကို ကြည့်ခြင်းအားဖြင့် ဒီနှစ်ရေကြီးမယ်၊ ရေမြုပ်မယ်မှန်းလို့ရပါတယ်။

ဘဝငါးမျိုးမှာ လူဖြစ်တဲ့ဘဝ၊ နတ်ဖြစ်တဲ့ဘဝဟာ တော်ပါသေးတယ်။ ဒါကြောင့် ကောင်းရာ သုဂတိလို့ ခေါ်ကြပါတယ်။ လူ့ဘဝ၊ နတ်ဘဝဟာ သုဂတိဘဝပါ။ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲဘဝသည် ဒုဂ္ဂတိ ဘဝပါ။

လူတစ်ယောက်ဟာ ကောင်းတဲ့ဘဝနေရာကို ရောက်သွားနိုင်သလို မကောင်းတဲ့ဘဝနေရာကို လည်းပဲ ရောက်သွားနိုင်ပါတယ်။ "ငါတို့ကတော့ သေသွားပြီးလို့ရှိရင်နတ်ပြည်ပဲ သွားချင်တယ်" ဆိုပေမဲ့ ကုသိုလ်ရှိမှ သွားလို့

www.dhammadowload.com

ရပါတယ်။ “တခြားဘဝတွေ ဘယ်ဘဝမျှ မသွားချင်ဘူး၊ ဘာမျှလည်း မဖြစ်ချင်ဘူး၊ လူပဲ ပြန်ဖြစ်ချင်တယ်” ဆိုလို့လည်း လက်တွေ့မှာ မလွယ်ပါဘူး။

တရားမမြင်သေးမသိသေးတဲ့လူသားတစ်ယောက်ဟာ ဂတိငါးမျိုး လှည့်ပတ်ကာ လည်နေရပါတယ်။ တရားသိမြင်ပြီးသူတွေကျတော့ သေချာသွားတာ တစ်ခုကတော့ ဒုဂ္ဂတိဘဝကိုမရောက်နိုင်တော့ပါဘူး။ ပုထုဇဉ်အဆင့်ကနေ တစ်ဆင့်မြင့်သွားတဲ့သူက သောတာပန်ပုဂ္ဂိုလ်ပါ။ အရိယာထဲမှာ အနိမ့်ဆုံးအဆင့်ပေမဲ့ ပုထုဇဉ်တွေ ထက်ကို တစ်ဆင့်မြင့်တဲ့ဘဝတစ်ခုပါ။ သောတာပန် ပုဂ္ဂိုလ်ရဲ့အားသာချက်က ဒုဂ္ဂတိဘဝက လွတ်သွားပါပြီ။ တရားအားထုတ်လိုက်လို့ သောတာပန်ဖြစ်သွားရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘဝတွေ မရောက်တော့ပါဘူး။

တရားမကျင့် တရားအားမထုတ်ဘဲနဲ့ ပုထုဇဉ်ဘဝနဲ့နေမယ် ဆိုလို့ရှိရင် ငရဲလည်း ကျနိုင်တယ်။ ပြိတ္တာလည်း ဖြစ်နိုင်တယ်။ တိရစ္ဆာန်လည်း ဖြစ်နိုင်တယ်။

ဒီဘဝတွေ မရောက်ချင်ဘူး ဆိုလို့ရှိရင် ပုထုဇဉ်ဘဝက လွတ်အောင် ကြိုးစားရပါမယ်။ တရားကျင့်ရပါမယ်။ ငရဲ မကျအောင် ကယ်နိုင်တာ တရားပဲရှိပါတယ်။ တိရစ္ဆာန်ဘဝဆိုးမျိုး ရောက်မသွားအောင် ကယ်နိုင်တာ၊ စောင့်ရှောက်နိုင်တာ တရားပဲရှိပါတယ်။ လူတကာတွေက ကြောက်လန့် ရွံမုန်းတဲ့ ပြိတ္တာဘဝမျိုး မရောက်အောင်လည်းပဲ တရားက ကယ်မှာပါ။

www.dhammadowload.com

တရားမမြင်တဲ့ ဘဝဟာ အောက်တန်းနောက်တန်းကျပါတယ်။ အားကိုးရာ လည်း မဲ့ပါတယ်။ တရားမမြင်တဲ့အတွက်ကြောင့် မို့လို့တရားမရှိသေးတဲ့အတွက်ကြောင့်အသေအချာအားကိုးစရာ မရှိသေးပါဘူးလို့ ပြောရမှာပါ။

တကယ်တမ်းကြည့်လိုက်တော့ တကယ့်အားကိုးရာ သည် တရားဓမ္မ၊ ကိုယ့်ရဲ့ အားကိုးအားထားဖြစ်တဲ့ တရားဓမ္မကို မပျင်းမရိနဲ့ ကြိုးစားရှာမှ ရမှာပါ။ ကျင့်ကြံအားထုတ်နေတာဟာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့အတွက်ပါ။ ကိလေသာဆိုးတွေ ပယ်နိုင်ဖို့အတွက်ပါ။ ဝဋ်ဆင်းရဲကနေ လွတ်မြောက်ဖို့အတွက် ကျင့်မယ်လို့ ကြိုးစားပမ်းစားနဲ့ ကျင့်ဖို့လိုပါတယ်။

www.dhammadowload.com

ဆရာအမှားကိုးကွယ်

တရားမမြင်တဲ့ ပုထုဇဉ်ဟာ ဆရာအမှားကို ကိုးကွယ်မိတတ်ပါတယ်။ မှားမှန်းသိလျက်နဲ့ ကိုးကွယ် တာတော့ မဟုတ်ပါဘူး။ အမှန်ထင်လို့ ကိုးကွယ်တာပါ။ တခြားမကြည့်ပါနဲ့။ ဖခမည်းတော်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကို ထီးနန်းစည်းစိမ် လိုချင်လို့ သတ်ဖြတ်ခဲ့တဲ့ အဇာတသတ်မင်းကိုပဲ ကြည့်ပါ။

အဇာတသတ်ရဲ့ဆရာက အရှင်ဒေဝဒတ်ပါ။ အဇာတသတ်ဟာ ဒေဝဒတ်ကို ဆရာတင်ပါတယ်။ ဒေဝဒတ်က ထူးဆန်းအံ့ဩစရာကောင်းတဲ့ အခြေအနေရှာန်တန်ခိုးတွေနဲ့ လှည့်စားတော့ တကယ့် ဆရာကောင်းပဲ၊ ဆရာစစ်ဆရာမှန်ပဲဆိုပြီးတော့ အသည်းစွဲ ကိုးကွယ်ဆည်းကပ်ပါတယ်။

ဆရာသမားရဲ့စကား တသဝေမတိမ်း နားထောင်တဲ့ အဇာတသတ်ဟာ မြတ်စွာဘုရားကို အရှင်ဒေဝဒတ်က သေ

www.dhammadowload.com

ကျောင်းကြံစည်ရာမှာလည်း ကူညီခဲ့ပါတယ်။ နောက်ဆုံးအင်မတန်မှ ကျေးဇူးကြီးတဲ့ဖခင် ဗိမ္ဗိသာရမင်းကြီးကိုလည်း ညှဉ်းပန်းသတ်ဖြတ်ခဲ့ပါတယ်။

တကယ်လို့သာ အဇာတသတ် ခမည်းတော် ဗိမ္ဗိသာရမင်းကိုသတ်တဲ့ ပိတုဃာတက ကံမထိုက်ခဲ့ဘူးဆိုရင် မြတ်စွာဘုရားနဲ့ တွေ့တဲ့အခါ ဘုရားရှင် ဟောကြားတဲ့ သာမညဖလသုတ္တန်တရားကို နာကြားရချိန်မှာ အဇာတသတ်ဟာ အဲဒီနေရာမှာပဲ သောတာပန်ဖြစ်မှာပါ။

ဖခင်ကိုသတ်ခဲ့တဲ့ ပဉ္စာနန္တရိယကံကြီးထိုက်နေတော့ တရားနာရပေမဲ့ အဇာတသတ် တရားမရရှာတော့ပါဘူး။ ခမည်းတော်ကို သတ်ပြီးတဲ့နေ့ကစပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ညညကျ အိပ်မပျော်ပါဘူး။ ကြောက်စရာလန့်စရာအိပ်မက်ဆိုးတွေလည်း တွေ့မြင်နေရပါတယ်။ အိပ်မယ်လို့ မျက်စိမှိတ်လိုက်တဲ့အခါမှာ မျက်စိတည့်တည့်ကို လှံနဲ့ ထိုးသလိုမျိုး စူးစူးရှရှ ဆိုးဝါးကြမ်းတမ်းတဲ့ ရောဂါဝေဒနာတွေ ခံစားနေရပါတယ်။

ဘုရားရှင်ကို ဖူးမြင်ပြီး ဘုရားတရားကို ကြည်ညိုကာ ကိုးကွယ်ရာအစစ်အမှန် ရရှိမှသာ တော်တော်တန်တန်သက်သာခွင့်ကိုရခဲ့တာပါ။ ဆရာစစ်ဆရာမှန်တွေ့လို့ရှိရင်ကောင်းကျိုးချမ်းသာ ရသလိုပဲ၊ ဆရာအမှားကို ကိုးကွယ်မိရင်လည်းပဲ ဆင်းရဲဒုက္ခတွေ များပါတယ်။

www.dhammadowload.com

တရားနဲ့ဝေးသူ တရားမမြင်သူဟာ အားကိုး သင့်တဲ့ ဆရာစစ် ဆရာမှန် ဟုတ်မဟုတ် ခွဲခြားဝေဖန် နိုင်တဲ့ အသိဉာဏ်နည်းပါတယ်။ သူများပြောတိုင်းလည်း ယုံလွယ်တတ်တဲ့အတွက် တစ်ဦးတစ်ယောက် က ယုံလောက်အောင် သွေးဆောင်ရင် အမှားဘက် ကို ပါသွားတတ်ပါတယ်။

တရားသိမြင် အရိယာဖြစ်သွားတဲ့ သုပ္ပဗုဒ္ဓ ဆိုတဲ့ နူနာရောဂါသည် အနာကြီးရောဂါသည် တစ်ယောက် ဘုရားလက်ထက်က ရှိခဲ့ဖူးပါတယ်။ တစ်နေ့မှာ တောင်းစားမယ်လို့ မြို့ထဲဝင်အသွားတစ်နေရာမှာ လူစုလူဝေးကို တွေ့ရတဲ့အခါ ထူးခြားမှုတစ်ခုခုတော့ ရှိမှာပဲလို့ ပရိသတ် အစွန်အဖျားက လှမ်းကြည့်လိုက်တော့ တရားဟောနေတဲ့ မြတ်စွာဘုရားကို ဖူးမြင်ရပါတယ်။ ဘုရားရှင် ဟောကြားတဲ့ တရားဓမ္မကို နာကြားရပြီးတော့ သုပ္ပဗုဒ္ဓ အရိယာဖြစ်သွားပါတယ်။

ဝမ်းသာအားရနဲ့ သူရရှိတဲ့ တရားထူးတရားမြတ်ကို ဘုရားရှင်ကို လျှောက်ထားချင်ပေမဲ့လို့ လူကြားထဲကို မတိုးရဲရှာပါဘူး။ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ပျက်စီးပြီး အနာကြီးရောဂါ နှိပ်စက်လို့ သူ့ခမျာ အရင်က မချိမဆံ့ဝေဒနာခံစားနေရတာပါ။

ဒါပေမဲ့လို့ တရားသိမြင်သွားပြီဖြစ်တဲ့ သုပ္ပဗုဒ္ဓဟာ တော်တော်တန်တန် ခံနိုင်ရည်ရှိနေပါပြီ။ ပူလောင်နေတဲ့စိတ်တွေ အေးချမ်းနေပါပြီ။ အရိယာဖြစ်သွားတော့ ဘုရားစစ်ဘုရားမှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်ဆိုတာ ဘယ်လိုဆိုတာလည်း နားလည်သွားပါပြီ။

www.dhammadowload.com

ဘုရားရှင်ကို လျှောက်ထားမယ်လို့ သုပ္ပဗုဒ္ဓလာတဲ့ အချိန်မှာ သိကြားမင်းက စုံစမ်းပါတယ်။ တရားသိပြီးနောက် သူ့ရဲ့အနေအထား ပုံစံတွေလည်းပြောင်း၊ အချိုးတွေလည်း ပြောင်းသွားတယ်ဆိုတော့ အမှန်တကယ်တရားရှိမရှိ၊ သိမသိ စမ်းသပ်ချင်လို့ သိကြားမင်းက သူ့ကိုပြောပါတယ်။

"သုပ္ပဗုဒ္ဓ၊ မင်းဟာ အင်မတန်ဆင်းရဲတဲ့သူ၊ တောင်းစား နေရတဲ့သူပါ၊ မင်းကို ငါသနားတယ်၊ ဒုက္ခတွေ ရောက်နေ တာလည်း ငါမကြည့်ရက်ဘူး၊ ငါမင်းကို ကယ်တင်ချင်တယ်၊ မ,စချင်တယ်၊ ကယ်တင်ဖို့ မ,စဖို့ ဆိုရင် တခြားတော့ မလို ပါဘူး၊ ဘုရားကိုဘုရား မဟုတ်ဘူးလို့ ပြောရမယ်၊ တရားကို တရားမဟုတ်ဘူးလို့ ပြောရမယ်၊ သံဃာကိုလည်းပဲ သံဃာ မဟုတ်ဘူးလို့ပြောရမယ်။

ဘုရားကိုးကွယ်လို့ ဘာမျှအကျိုးမရှိဘူး၊ တရားနာ ကြားလို့ ဘာမျှအကျိုးမရှိဘူး၊ သံဃာ ဆည်းကပ်လို့ ဘာမျှ အကျိုးမရှိဘူးလို့သာ မင်းပြော မယ်ဆိုရင် တစ်သက်တာ သုံး မကုန်စားမကုန်အောင်ပစ္စည်းဥစ္စာတွေငါပေးမယ်၊ ငါမ,စမယ်" လို့ သိကြားမင်းက ပြောပါတယ်။

တန်ခိုးအစွမ်းနဲ့ ပြည့်စုံတဲ့ သိကြားမင်းက သုပ္ပဗုဒ္ဓကို ချမ်းသာအောင် ကယ်မ,မယ်ဆိုရင် ကယ်မ,နိုင်မယ့် အနေ အထားရှိတာ သေချာပါတယ်။ အခု သူပြောခိုင်းတဲ့စကားက ဘုရားတရားသံဃာ အပေါ် ကိုးကွယ်ယုံကြည်မှုကို စွန့်လွှတ် ခိုင်းတာပါ။ ပစ္စည်းဥစ္စာနဲ့ သိမ်းသွင်းဆွဲဆောင်နေတာပါ။

www.dhammadowload.com

ဒါပေမဲ့ ပစ္စည်းဥစ္စာမရှိပေမဲ့ သုပ္ပဗုဒ္ဓက "ဒီစကား မပြောနိုင်ပါဘူး။ သင်ဘယ်သူလဲ" လို့ ပြန်မေးပါတယ်။ ငါသိကြားမင်းပါလို့ ဆိုပြန်တော့ "သိကြားမင်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီလိုစကားမျိုးကိုတော့ဖြင့် ငါ မပြောနိုင်ဘူး။ ငါ့ကိုဆင်းရဲတယ် မထင်ပါနဲ့။ သူတော်ကောင်းဥစ္စာတွေ သူတော်ကောင်း ရတနာတွေ ငါ့မှာ အပြည့်အစုံရှိတယ်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတရားတွေ ငါ့မှာ ပြည့်စုံနေလို့ ငါဟာ လူမွဲ လူဆင်းရဲ တစ်ယောက် မဟုတ်ဘူး၊ လူချမ်းသာပါ" လို့ သုပ္ပဗုဒ္ဓက ပြောလိုက်ပါတယ်။

လောကမှာ သုံးစွဲနေကြတဲ့ စိန်ရွှေငွေ ကျောက်သံပတ္တမြားတွေ မချမ်းသာသော်လည်း သူတော်ကောင်းဥစ္စာ၊ သူတော်ကောင်းရတနာတွေ ရှိနေရင် လူချမ်းသာပါ။ စိန်ရွှေငွေရတနာတွေရှိပေမဲ့ သူတော်ကောင်းရတနာတွေမပြည့်စုံရင် လူမွဲပါ။ ပြောခိုင်းတဲ့အတိုင်း မပြောနိုင်ဘူးလို့ ငြင်းပယ်ပြီး သိကြားမင်းကို သုပ္ပဗုဒ္ဓက မောင်းထုတ်လိုက်ပါတယ်။

သုပ္ပဗုဒ္ဓလို ဘုရားမှတစ်ပါးကိုးကွယ်ရာမရှိ၊ တရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ သံဃာမှတစ်ပါး ကိုးကွယ်ရာမရှိလို့ ပြတ်ပြတ်သားသားခိုင်ခိုင်မာမာနဲ့ဘယ်လိုအခြေအနေနဲ့ကြုံကြုံ မတုန်မလှုပ် ကြည်ညိုနိုင်တယ်ဆိုတာဟာ တရားမြင်တဲ့ အရိယာတွေပါ။

www.dhammadowload.com

သာမန်လူတွေဆိုရင် အယုံသွင်းသူနောက်ကို ပါချင်ပါသွားဦးမယ်။ ပစ္စည်းဥစ္စာတွေ လှည့်ပတ် ဆွဲဆောင်လို့၊ ရပေါက်ရလမ်းတွေ မျှော်ကိုးလို့၊ စားဝတ်နေရေး ပြေလည်ချင်လို့ ရတနာသုံးပါးမှ တစ်ပါး တခြား တခြားကို တချို့က ကိုးကွယ် ဆည်းကပ်သွားကြတာ ရှိတတ်ပါတယ်။

ဆရာအမှားကိုဆရာအမှန်အနေနဲ့ကိုးကွယ်တတ်တာ တရားမမြင်တဲ့သူပါ။ တရားမရှိသေးရင်ကိုယ့်ကိုယ်ကိုယ်စိတ်ချလို့မရသေးပါဘူး။

နှစ်နှစ်ကာကာ တရားမရှိသေးတော့ ရတနာ သုံးပါးနဲ့တွေ့နေရတဲ့ဒီဘဝမှာတော့ရတနာသုံးပါးကိုယုံကြည်တဲ့၊ သက်ဝင်တဲ့ သဒ္ဓါတရားတွေနဲ့ ဒီတစ်သက်တော့ဖြင့် ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးမှတစ်ပါးတခြားမကိုးကွယ်တော့ဘူး၊ တခြားတခြားကို မဆည်းကပ်တော့ဘူး ဆိုပေမဲ့ ပုထုဇဉ်ဟာ နောက်နောင်ဘဝတွေမှာ တခြားဘာသာဝင်တစ်ယောက် ဖြစ်သွားနိုင်ပါ သေးတယ်။ တခြားတခြားသော ဆရာသမား၊ တခြားတခြားသော တရား၊ တခြားတခြားသော သံဃာတွေကို ဆည်းကပ်ကိုးကွယ်တဲ့သူတစ်ယောက် ဖြစ်သွားနိုင်ပါသေးတယ်။ စိတ်မချရသေးပါဘူး။ သောတာပန်အရိယာအဆင့်ကိုမရောက်မချင်း ဒီယုံကြည်မှုဟာ မခိုင်မာသေးပါဘူး၊ မခိုင်မြဲသေးပါဘူး။

အရင်တုန်းကလည်းပဲ မှားချင်မှားလာနိုင်တယ်၊ ခုမှန်နေပေမယ်လို့နောင်ကို မှားနိုင်ပါသေးတယ်။ ဘယ်တော့

www.dhammadowload.com

မျှ မမှားအောင် တရားဓမ္မ ကျင့်ကြံပြီးတော့ အရိယာအဆင့်ရောက်အောင် အားထုတ်ဖို့ လိုပါတယ်။ ကိုးကွယ်ဆည်းကပ်တဲ့ဆရာမှားသွားလို့ဒီဘဝတင်မကတစ်သံသရာလုံးဆင်းရဲဒုက္ခရောက်နိုင်တဲ့ အဖြစ်ဆိုးမျိုး ကြုံနိုင်သေးတာသည် တရားမမြင်သူရဲ့အဖြစ်ပါ။

www.dhammadowload.com

ပူပန်စရာမျိုးစုံကြဲ

ပူပန်စရာ၊ စိတ်ဆင်းရဲစရာ၊ သောကရောက် စရာ အမျိုးမျိုးအဖုံဖုံနဲ့ တွေ့ကြုံခံစားနေရတာဟာ တရားနဲ့ဝေးလို့ပါ။ ပူပန်တယ်ဆိုတာ တခြားကြောင့် မဟုတ်ပါဘူး။ ကိလေသာ ကြောင့်ပါ။ လူတွေကို စိတ်ပူပန်အောင် စိတ်အေးချမ်းမှု မရဘဲနဲ့ စိတ်ဆင်းရဲ နေအောင် အမြဲတမ်းညှိုးနွမ်းပြီး အားငယ်ပင်ပန်း အောင် နှိပ်စက်တတ်တာဟာ ကိလေသာပါ။

တရားမမြင်တဲ့သူဟာ လောဘ မောဟတွေကြောင့် ပူလောင်ပင်ပန်း ဆင်းရဲနေကြပါတယ်။ "တစ်နေ့တစ်နေ့ အပူ တွေ များလိုက်တာ၊ သောက ဖြစ်စရာတွေ များလိုက်တာ" လို့ အကြောင်းရှာကြည့်လိုက်ရင် လိုချင်မှုအခြေခံပြီး လောဘ ကြောင့် ပူပါတယ်။ ချစ်ခင်နှစ်သက်မှုကြောင့် ပူလောင်ပါတယ်။ စွဲလမ်းမှုကြောင့် ပူပန်ရပါတယ်။ သားသမီးအတွက် ပူရတယ်။

www.dhammadowload.com

ဇနီးခင်ပွန်းအတွက် ပူရတယ်။ စားဖို့ ဝတ်ဖို့ နေဖို့အတွက်လည်း ပူရတယ်။ မအိပ်နိုင်ဘူး၊ မစားနိုင်ဘူး၊ စိတ်အေးချမ်းသာစွာနဲ့ မနေနိုင်ဘူး ဆိုတာ လောဘကြောင့် ပူပင်နေကြရတာပါ။

တစ်စုံတစ်ခုကို အလိုမကျဘူးဆိုရင်လည်းပဲ ပူလောင် ပင်ပန်း ဆင်းရဲနေရပြန်တယ်။ တစ်စုံ တစ်ယောက်ကို မကျေနပ်ဘူး၊ ကိုယ့်စကား နားမထောင်လို့ ကိုယ်ပြောတဲ့အတိုင်း မလုပ်လို့ စိတ်က ဒေါသဖြစ်ပြီဆိုရင် စိတ်အစဉ်မှာ ပူပါတယ်။ ဒေါသမီးဟာသူ့ရောကိုယ်ပါပူစေတတ်ပါတယ်။ သူ့ကိုလောင်သလို ကိုယ့်ကိုလည်း လောင်တာပါပဲ။ ဒါပေမဲ့ ကိုယ်ကသာ စိတ်ဆိုးနေတယ်၊ ဒေါသဖြစ်နေတယ်၊ ဟိုတစ်ဖက်က သိတောင်မှုမသိဘူး၊ ဘယ်လိုမှု မခံစားရဘူးဆိုရင်တော့ ဒီဒေါသမီးဟာ သူ့ကို မလောင်ဘဲ ကိုယ့်ကိုသာ လောင်နေတဲ့မီးပါ။

သူသူကိုယ်ကိုယ် အပူမီးတွေနဲ့ တစ်နေ့တစ်နေ့မှာ တစ်မျိုးပြီးတစ်မျိုး မရိုးအောင် လှည့်ပတ် လောင်ကျွမ်းခံနေကြရတာပါ။ လောဘနဲ့ လောင်တဲ့အခါလောင်၊ ဒေါသနဲ့ လောင်တဲ့ အခါလောင်၊ မောဟနဲ့လောင်တဲ့အခါလောင်၊ ဣဿာ၊ မစ္ဆရိယ တရားတွေနဲ့ လောင်တဲ့အခါမှာလည်း လောင်ပါတယ်။

ကိုယ့်ဥစ္စာ၊ ကိုယ့်ပစ္စည်း သူများမပေးချင်ဘူး၊ မကမ်းချင်ဘူးဆိုတဲ့ မစ္ဆရိယ၊ သူများတိုးတက်နေတာ သူများကြီးပွားချမ်းသာနေတာကိုမနာလိုမရှုဆိမ့်ဘူးဆိုတဲ့ဣဿာတွေဟာလည်း ပူလောင်စေတာတွေပါ။ ပူပန်စရာ ကိလေသာမျိုးစုံနဲ့ နေကြတဲ့ ပုထုဇဉ်တွေမှာ ပူပန်မှုမျိုးစုံကို နေ့တိုင်းနေ့တိုင်း ကြုံတွေ့ နေကြရပါတယ်။

www.dhammadowload.com

တရားအားထုတ်နေတယ်ဆိုတာ ပူလောင်မှုတွေ ငြိမ်းအောင် အားထုတ်နေတာပါ။ ရှုစရာ မှတ်စရာ ဖြစ်တဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတွေ ရှုမှတ်နေချိန်မှာ စိတ်အေးချမ်းပါတယ်။ အာရုံတွေ ဘယ်မျှမရောက်ဘဲ တရားပေါ်မှာပဲ ထားတတ်ရင် စိတ်ကြည်လင်ပါတယ်။ ရုပ်တရားနဲ့ နာမ်တရားကိုပဲ သတိကပ်ကာရှုမှတ်နေမယ်ဆိုရင်စိတ်တွေလန်းဆွင်နေပါတယ်။အားထုတ်နေချိန်မှာ အပူမီးနဲ့ ခဏတာဝေးသွားလို့ အေးချမ်းမှုကို ရကြပါတယ်။

တရားမမြင်သူတွေဟာလောဘ,ဒေါသ,မောဟကိလေသာမီးတွေနဲ့ ဝေးဝေးမှာ မနေချင်ဘူး။ နီးနီးမှာပဲ နေချင်ကြပါတယ်။ ထမင်းဟင်းချက် မီးဖိုနား နေရတဲ့သူတွေ၊ ဝေယျာဝစ္စလုပ်တဲ့သူတွေ မှာ ချွေးတလုံးလုံးနဲ့ နေပါတယ်။ ယောဂီတွေက ဓမ္မာရုံထဲမှာ တရားအားထုတ်နေတာဆိုတော့ သက်သောင့်သက်သာနဲ့ အေးအေးငြိမ်းငြိမ်း ရှိပါ တယ်။ တရားမမြင်သူရဲ့အဖြစ်ဟာ ပူမှန်းသိပေမဲ့ မီးနဲ့မဝေးချင်ပါဘူး။ မီးပုံကြီးထဲမှာပဲ အအေးဓာတ်ကိုရှာနေချင်ပါတယ်။မီးကိုရင်မှာပွေ့ပိုက်ပြီးတော့ အေးငြိမ်းမှုကို ရှာလို့မရပါဘူး။

တရားသိမြင်အောင် အားထုတ်နေရင်းတောင် အိမ်မှာ ဘယ်လိုနေလဲ မသိဘူးလို့ ပြန်စဉ်းစားပြီး အပူရှာပါတယ်. ပြန်သတိရပါတယ်။ ငါတရား အားထုတ်နေတာ ရလည်းမရဘူးလို့ စိတ်ထဲက မကျေမနပ်ဖြစ်နေပါတယ် ဆိုရင်လည်း ရင်ထဲမှာ အပူမီးလောင်နေတာပါပဲ။

ရှုမှတ်တဲ့အရှုခံအာရုံနဲ့ကိုယ်ရှုနေတဲ့စိတ်နဲ့တလွဲတချော်ဖြစ်နေရင် စိတ်တွေ ပူနေပါတယ်။ အရှုခံနဲ့ ရှုမှတ်နေတဲ့စိတ်

www.dhammadowload.com

တိုက်ဆိုင်နေပြီး မှန်မှန်လေး ရှုနေနိုင်ရင် အေးချမ်းနေပါတယ်။ ကိလေသာတွေ ငြိမ်းနေလို့ပါ။ ကိလေသာတွေနဲ့ ဝေးကွာနေလို့ အေးချမ်းမှုကို ရတာပါ။ တရားမမြင်သူဟာ တရားနဲ့မနေနိုင်ဘူး။ တရားနဲ့ မနေတတ်၊ တရားနဲ့ မပျော်မွေ့နိုင်တဲ့အတွက်ကြောင့် ပူပန်မျိုးစုံ အဖုံဖုံကို တွေ့ကြုံနေရတာပါ။

www.dhammadowload.com

ကာမဂုဏ်နောက်လိုက်

အာရုံမျိုးစုံ ကာမဂုဏ်တွေနောက်ကို တကောက်ကောက်ပါအောင်လိုက်နေတတ်တာ တရားမမြင်တဲ့သူတွေပါ။ ကာမဂုဏ်ဆိုတာ လိုချင်စရာကောင်းတာတွေ၊ နှစ်သက်စရာကောင်းတာတွေပါ။ လောကအမြင် သာမန်လူအမြင်နဲ့ ကြည့်လိုက်ရင် ဒါတွေဟာ သဘောကျစရာ နှစ်သက်စရာ သိပ်ကောင်းလို့ သဘောကျနှစ်သက်နေကြတာပါ။

မျက်စိနဲ့မြင်ရတဲ့မြင်ကွင်း၊ မြင်ရတဲ့ အဆင်း ပုံဟန်၊ အမြင်အာရုံကိုလည်းပဲ နှစ်သက်သဘောကျပါတယ်။ နားက ကြားရတဲ့အသံမျိုးစုံကိုလည်း နှစ်သက်ခံ့မင်ကြပါတယ်။ "ဒီအသံလေးတော့ဖြင့် ငါကြိုက်လိုက်တာ၊ သူ့အသံလေး ကတော့ သိပ်ကောင်းတာပဲ၊ သူ့သီချင်းလေးကတော့ဖြင့် နားကို စွဲသွားတာပဲ၊ သားလေးအသံကြားလိုက်ရမှ စိတ်ချမ်းသာတယ်၊

www.dhammadowload.com

သမီးလေးအသံ ကြားလိုက်ရမှ အမောပြေသွားတယ်" ဆိုပြီး တော့ အသံတွေအပေါ်မှာ ချစ်ခင်တပ်မက်နေတယ် ဆိုတာဟာ သဒ္ဒါရုံဆိုတဲ့ ကာမဂုဏ်တစ်မျိုးပါ။

တစ်နေ့တစ်နေ့ နှာခေါင်းနဲ့ အနံ့မျိုးစုံ နမ်းရှူနေပါတယ်။ စားချိန်သောက်ချိန်မှာ ထမင်းနံ့၊ ဟင်းနံ့၊ ဖြီးလိမ်းပြင်ဆင် နေတဲ့အချိန်မှာ သနပ်ခါးနံ့၊ ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ ပန်းနံ့တွေ နမ်းရှူခံစားနေကြပါတယ်။ အနံ့ မျိုးစုံ ဂန္ဓာရုံတွေကို သဘော ကျစုံမက်တယ်။ အနံ့ မျိုးစုံနဲ့ နှစ်ခြိုက်မွေ့လျော်နေကြပါတယ်။ ဒါကြောင့် သုံးဆောင်ခံစားနေကြတဲ့ အနံ့ဂန္ဓာရုံဟာလည်း ကာမဂုဏ်တစ်မျိုးပါပဲ။

နောက်တစ်ခါ နေ့တိုင်း နေ့တိုင်း စားသောက် ဝါးမျိုနေ ကြပါတယ်။ အရသာခံ တပ်မက်နေကြတဲ့ အစားအစာမျိုးစုံ၊ အရသာမျိုးစုံ ရှိပါတယ်။ "ဒီမုန့်လေးကတော့ ချိုတယ်၊ ဒီအသီး လေးကတော့ချိုလိုက်တာ၊ဒါလေးကတော့ဖြင့်အချဉ်ကလေးပဲ၊ အချိုလေးလည်းစားချင်တယ်၊ အချဉ်လေးလည်းစားချင်တယ်၊ အခါးလေးတွေ အဖန်လေးတွေကိုလည်းလက်မလွှတ်ချင်ဘူး။ အခါး အဖန်အရသာလေးတွေကိုလည်း နှစ်သက်နေတယ်။ သဘောကျနေတယ်။ အရသာပေါင်းစုံကို ခုံမင်နှစ်သက်နေ တယ်ဆိုတာလည်း ကာမဂုဏ်တစ်မျိုး ခံစားနေ တာပါ။

ခန္ဓာကိုယ်နဲ့ အရာဝတ္ထုတစ်ခုခု ထိတွေ့ချိန်မှာ ကြမ်း တယ်၊နူးတယ်၊ပူတယ်၊အေးတယ်ဆိုတာရှိလာပါတယ်။ဒီအဝတ် အထည် နူးနူးညံ့ညံ့လေးကို တော့ဖြင့် သဘောကျတယ်။

www.dhammadowload.com

ဒီအထည်ကြမ်းကြီးကိုတော့ဖြင့် မကြိုက်ဘူးလို့ရှိပါတယ်။ ခြေထောက်နဲ့နင်းသွားတာတောင်အခင်းလေးပေါ်မှာနင်းရတာ ကောင်းတယ်လို့ရွေးချယ်ပါတယ်။ ဒီအိပ်ရာလေးပေါ်မှာအိအိ စက်စက်နဲ့အိပ်ရတာကောင်းတယ်လို့သဘောကျနေပါတယ်။ ဝတ်ချင်တာလေးတွေဝတ်ရအောင်လို့ရှာနေတယ်။ စားချင်တာ စားရအောင်လို့ရှာနေတယ်။ တစ်ချိန်လုံး ကာမဂုဏ်နောက်ကို လိုက် နေကြပါတယ်။

ကိုယ့်အကြိုက် ကိုယ့်အကြိုက်ဆိုပြီးတော့ကြိုက်နေကြ တာလိုက်နေကြတာသုံးဆောင်စရာကာမဂုဏ်တရားတွေကိုပါ။ ကာမဂုဏ်မျိုးစုံကိုဖက်တွယ်နေကြပြီးတော့ "ဒါမရှိရင်တော့ဖြင့် မရဘူး၊ ဒါမစားရရင်တော့ မနေနိုင်ဘူး၊ သူ့မှ မမြင်ရလို့ရှိရင် စိတ်မချမ်းသာဘူး၊ သူ့အသံလေးမှ မကြားရဘူးဆိုရင်လည်း စိတ်ဆင်းရဲတယ်" ဆိုတာတွေ ဖြစ်လာပါတယ်။

ကာမဂုဏ်နောက်ကို တစ်နေကုန် တစ်နေခန်းလိုက် နေကြလို့တစ်နေ့တစ်နေ့အလုပ်တွေရှုပ်နေတာပါ။ အလုပ်တွေ များနေတာပါ။ မိုးလင်းကနေ မိုးချုပ် မအားလပ်နိုင်အောင် ဖြစ်ကြရတာပါ။ လိုက်လို့ မဆုံး ပါဘူး။ လိုက်လို့ မပြီးပါဘူး။ ဒီနေ့ပြီးတော့ နောက်နေ့၊ နောက်နေ့ပြီးတော့ နောက်နေ့၊ ဆက် ဆက်ပြီး လိုက်နေရပါတယ်။

ဒီဘဝမရောက်ခင်ပြီးခဲ့တဲ့ဘဝတွေတုန်းကလည်းဒီလိုပဲ လိုက်ခဲ့ကြရပါတယ်။ အခုလည်း လိုက်နေကြရပါတယ်။ တရား မမြင်ဘူးဆိုတာ တရားနောက်ကိုမလိုက်ဘဲ ကာမဂုဏ်နောက်

www.dhammadowload.com

ကိုသာ တစိုက်မတ်မတ် လိုက်နေကြလို့ပါ။ အခုချိန်ထိကို တရားမမြင်တဲ့အဆင့်ပဲ ရှိနေသေးတယ်ဆိုတော့ နောင်ကိုလည်း ဒီအတိုင်းသာ ဖြစ်နေကြမှာပဲလို့ သဘောပေါက်ကြရမှာပါ။

တရားဓမ္မ သိမြင်ကြသူတွေကတော့ တရားနောက်ကို လိုက်ကြပါတယ်။ တရားနဲ့သာ ပျော်ကြပါတယ်။ တချို့ဘုန်းကြီးကျောင်းရောက်လာလို့အချိန်လေးနည်းနည်းကြာရင် ပြောလာကြပါတယ်။ "အရှင်ဘုရားတို့ကျောင်းက တိတ်ဆိတ်ငြိမ်သက် အေးချမ်းပါတယ်တဲ့။ ဒါပေမဲ့ တပည့်တော် မပျော်တော့ဘူး" တဲ့။ ကျောင်းဆိုတော့ ကြိုက်နှစ်သက်ဖွယ် ကာမဂုဏ်ခံစားစရာ ဘာမျှ မရှိပါဘူး။ ပျော်ရွှင်စရာ ကာမဂုဏ်အာရုံမရှိတဲ့အတွက် ရေရှည် မပျော်နိုင်ကြ တာပါ။

တရားအားမထုတ်ချင်ဘူး၊ တရားအားထုတ် ရတာ ပျင်းစရာကြီး၊ ငုတ်တုတ်ထိုင် မျက်စိမှိတ်ပြီး ဘာမျှလည်း မလှုပ်ရှားရ၊ ဘယ်မျှလည်း မသွားရ၊ ဘယ်မျှလည်း မကြည့်ရ၊ စားချင်တာလည်းမစားရ၊ ပြောချင်တာလည်းမပြောရဆိုတော့ မနေနိုင်ပါဘူး။ တရားအားမထုတ်ချင်ပါဘူးဆိုတာ ကာမဂုဏ်နဲ့သာ ပျော်ချင်နေလို့ပါ။ တရားစခန်းမှာ ကြာကြာမနေချင်ဘူး၊ ကြာကြာမနေနိုင်ဘူး၊ ကိုယ့်အိမ်ပဲ ပြန်ချင်တယ် ဆိုတာဟာ ကာမဂုဏ်နဲ့ နေရမှ စိတ်ကျေနပ်မှု ရလို့ ပါ။

အခုယောဂီတွေတရားနဲ့ခုနစ်ရက်ပျော်ပြီးရင်ကာမဂုဏ်နဲ့ ပြန်ပြီးပျော်ကြဦးမှာပါ။ ပုထုဇဉ်ပီပီ တရားတွေ မေ့ပစ်လိုက်

www.dhammadowload.com

ကြဦးမှာပါ။ အချိန်တိုင်း လိုချင်တာတွေ ရအောင်ရှာနေပြီး ကိုယ်ရည်ရွယ်တဲ့ ရည်မှန်းတဲ့ အတိုင်းအတာ ရတော့လည်း လိုချင်နေ သေးသူဟာ တကယ် မချမ်းသာပါဘူး။ ချမ်းသာသုခ ကို ဘယ်တော့မှ မပေးစွမ်းနိုင်တာဟာ ကာမဂုဏ်ပါ။ ဘယ်လောက်ဖြည့်ဖြည့် မပြည့်နိုင်တာဟာ ကာမဂုဏ်ပါ။

ထပ်ထပ်ပြီးတော့ပဲ လိုချင်၊ ပြည့်နေပေမဲ့ ထပ်ထပ် ပြီးတော့ ဖြည့်ချင်၊ ဆက်ခါဆက်ခါသာ ခံစားချင်ပြီး အားမရနိုင် မတင်းတိမ်နိုင် ဖြစ်နေအောင် ကာမဂုဏ်တွေက ဖန်တီးပေးနေတာပါ။

ဒီဘဝတင် မကသေးဘူး။ နောက်ဘဝလည်းပဲ ဒီကာမ ဂုဏ်တွေနဲ့ နေချင်သေး၊ ပျော်နေသေးတဲ့ တရားမမြင်သူတွေရဲ့ အခြေအနေဟာ ဘယ်လောက် အတိုင်းအတာအထိ လမ်းမှား နေသလဲ၊ လမ်းလွဲနေ သလဲဆိုတာကို မှန်းဆတွက်ချက်လို့ ရပါတယ်။

"ကာမဂုဏ်ကို ပယ်နိုင်ခါမှ ချမ်းသာသုခရပါမယ်" လို့ အမှန်ကို သိမြင်နေတာက အရိယာ သူတော်ကောင်းတွေပါ။ အရိယာသူတော်ကောင်းတွေ ကာမဂုဏ်ကို လွတ်လွတ် ကြီး ပယ်စွန့်သွားကြ ပါတယ်။ ပိုင်ဆိုင်မှုတွေ အကုန်လုံး ချန်ထားခဲ့ကာ တရားကို ရှာဖွေကြပါတယ်။ ပုထုဇဉ်နဲ့ အရိယာဟာတစ်လမ်းစီသွားနေကြတာမို့သူတော်စင် သူတော် ကောင်းတွေမှာ ချမ်းသာသုခ ရနိုင်ပေမဲ့လို့ ပုထုဇဉ်တွေမှာ ပူပန်မျိုးစုံ အဖုံဖုံ၊ ဆင်းရဲဒုက္ခ အဖုံဖုံ တွေ့ကြုံနေကြရတာပါ။

www.dhammadowload.com

ကောင်းဆိုးမမြင်

အကောင်းကို အဆိုးထင်၊ အဆိုးကိုတော့ အကောင်းထင်ကာ အကန်းလမ်းသွားသလို အလွဲလွဲ အချော်ချော်ဖြစ်နေတာ တရားမမြင်သူတွေပါ။ အမှန်ကို အမှားထင်ပြီး အမှားကိုတော့ အမှန်ထင်တတ်ပါတယ်။

ဘုရားဖြစ်တော်စဉ် ဇာတ်တော်တစ်ခုထဲမှာ ဘုရားရှင်ဟောခဲ့တာ ရှိပါတယ်။ "မိတ္တဝိန္ဒက" ဆိုတဲ့ လူဆိုးလူမိုက်လေးတစ်ယောက်အကြောင်းပါ။ မိတ္တဝိန္ဒကဟာ မိဘကျေးဇူး မသိတတ်သူပါ။ မိဘကို ပြစ်မှားတယ်၊ စော်ကားတယ်၊ မိဘတွေရှာဖွေထားတဲ့ ပစ္စည်းတွေ ဖြုန်းတီးလို့ ဆင်းရဲနွမ်းပါး လာချိန်မှာ သူက ငွေရှာသွားမယ်၊ ပိုက်ဆံရှာသွား မယ်၊ ပင်လယ်ခရီးကုန်ကူးသန်းနေကြတဲ့ ကုန်သည်တွေနဲ့ လိုက်သွားပြီး သင်္ဘောသားလုပ်မယ်လို့ ဆိုတော့ အမေဖြစ်သူက တားတယ်။ "ငါ့သား

www.dhammadowload.com

မသွားပါနဲ့၊ ပင်လယ်ခရီးဆိုတာ ဘေးများတယ်၊ ရန်များတယ်၊ အန္တရာယ်များတယ်၊ မသွားပါနဲ့ ငါ့သားရယ်" လို့ မိခင်ဖြစ်သူက အတန်တန် တားတာကို နည်းနည်းမျှ နားမထောင်ပါဘူး။ ရှေ့ကနေ တားနေတာကို ရက်ရက်စက်စက် တွန်းလှဲချပြီး ထွက်သွားလိုက်ပါတယ်။

သူ့အမေခမျာ ပုံလျက်သားလေး လဲကျန်ခဲ့ပါ တယ်။ မိဘပြစ်မှား၊ မိဘစော်ကားပြီးသွားတဲ့ မိတ္တဝိန္ဒက လိုက်ပါသွားတဲ့ သင်္ဘောဟာ လမ်းတစ်ဝက်မှာတင် မုန်တိုင်းမိပြီးတော့ ပျက်စီးပါတယ်။ ဒါပေမဲ့ ကံကောင်းထောက်မစွာနဲ့ ပျဉ်ချပ်ကလေးတစ်ချပ် ရပြီးတော့ အသက်လု ကူးခတ်သွားလိုက်တာ ကျွန်းတစ်ကျွန်းပေါ်ကို ရောက်သွားပါတယ်။ လူသူနေတဲ့ ကျွန်းမဟုတ်ပါဘူး။ ပြိတ္တာတွေနေတဲ့နေရာပါ။ သူကတော့ မသိပါဘူး။ အသက်ဘေးက လွတ်လာပြီ၊ ငါကံကောင်းတယ်ဆိုပြီးတော့ ဝမ်းသာအားရနဲ့ ကမ်းပေါ်တက်သွားချိန်မှာ ကခုန်မြူးထူးနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ပါတယ်။ ခေါင်းပေါ်မှာ အင်မတန် လှတဲ့ ပန်းကုံးတွေ ပန်ဆင်ပြီး လှပအောင် ဖြီးလိမ်းပြင်ဆင်ကာ ပျော်ပျော်ရွှင်ရွှင် သီချင်းတကြော် ကြော်နဲ့ ကခုန်နေတာကို မိတ္တဝိန္ဒကက တွေ့မြင်လိုက်ပါတယ်။

သူ့အမြင်က ပျော်လွန်းလို့ ကခုန်နေတယ်လို့ မြင်တာပါ။ အမှန်တကယ်တော့ သူမြင်ရတဲ့သူဟာ လူသားတစ်ယောက် မဟုတ်ဘူး။ ဒုက္ခခံနေရတဲ့ ပြိတ္တာတစ်ယောက်ပါ။ ဝေမာနိက ပြိတ္တာပါ။ တကယ့် အဖြစ်မှန်က သူ့ခေါင်းပေါ်မှာ သင်တုန်းဓား

www.dhammadowload.com

စက်ရှက်ထားရပြီး သင်တုန်းဓားစက်က တဝီဝီမြည်ကာ ခုတ်လှီး နေတဲ့အတွက် အရေခွံတွေ၊ အရေပြားတွေ၊ အသားတွေ အစိတ်စိတ်အမြွှာမြွှာ ကွဲပြတ်နေတာပါ။

နာလွန်း၊ ကျင်လွန်းလို့ မခံနိုင်ဘူး။ ချွတ်လို့လည်း မရပါဘူး။ သွေးတွေယိုစီးပြီးကျလို့ "နာလိုက်တာ၊ ကျင်လိုက်တာ" ဆိုပြီးတော့ အော်နေဟစ်နေတာကို မိတ္တဝိန္ဒကက ပျော်လွန်းလို့ သီချင်းဆိုနေတယ်လို့ မြင်ပါတယ်။ ခေါင်းပေါ်မှာ တင်ထားတဲ့ သင်တုန်းဓားစက်ကို အင်မတန်လှတဲ့ ပန်းခိုင်ကြီး ပန်ထားတာလို့မြင်နေပါတယ်။ မချိမဆံ့ခံရတဲ့အတွက် မခံမရပ်နိုင် ခုန်ပေါက်နေတာကိုကခုန်နေတယ်လို့မြင်ပါတယ်။ အမြင်မှားနေတာပါ။ သူ့အကုသိုလ်ကံက သူ့ကို အကြီးအကျယ် ဒုက္ခရောက်အောင် တွန်းပို့နေတာပါ။

ကျေးဇူးရှင်အမေ့ကို စော်ကားခဲ့တယ်၊ ပြစ်မှားခဲ့တယ်၊ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုခဲ့တယ်။ ကာယကံမြောက် ကိုယ်ထိလက်ရောက် တွန်းလှဲရိုက်ပုတ်ခဲ့တဲ့ အကုသိုလ်ကံတွေက ဒုက္ခပေး ဖို့ ပြင်နေတာပါ။ ဒီကံတွေကြောင့် သူဟာ မကောင်းကို အကောင်းထင်နေပါတယ်။ ဒုက္ခရောက်နေတာကို ချမ်းသာနေတယ်၊ ပျော်နေတယ်လို့ ထင်နေပါတယ်။

တောင်းတောင်းပန်ပန်နဲ့ သွားပြီးတော့ ပြောပါတယ်။ "သူငယ်ချင်း၊ မင်းခေါင်းမှာ ပန်ထားတဲ့ ပန်းကုံးကြီးကလှလိုက်တာ၊ ငါလိုချင်တယ်၊ ငါ့ပေး ပါလား" တဲ့။ ခေါင်းပေါ်တင်လိုက်

www.dhammadowload.com

တာနဲ့ ခုတ်ဖြတ်မယ့် သင်တုန်းဓားစက်ကို ပန်းခိုင်ထင်ပြီးတော့ တောင်းပါတယ်။ ဟိုလူကလည်းပဲ တွက်တယ်။ "ငါ့နေရာမှာအစားထိုးခံရမယ့်လူတစ်ယောက်တော့ရောက်လာပြီထင်တယ်၊ ငါတော့ အကုသိုလ်ကံတွေ လွတ်ချိန်ကြုံပြီ" လို့ "မင်းလိုချင်လို့ရှိရင် ယူ" ဆိုပြီး ပေးလိုက်ပါတယ်။

မိတ္တဝိန္ဒက ဝမ်းသာအားရနဲ့ လှမ်းယူပြီးတော့ ခေါင်းပေါ် တင်လိုက်တာနဲ့ တစ်ပြိုင်နက် လည်ပတ်နေတဲ့ သင်တုန်းဓားစက်က ရိတ်ချလိုက်တာ ဦးခေါင်း တစ်ခုလုံး အစိတ်စိတ်အမွှာမွှာ ကွဲပြတ်ကုန်ပါတယ်။ ခေါင်းပေါ်မှာ သွေးတွေ မြင်မကောင်းအောင် ယိုစီးကျလာပါတယ်။ နာကျင်လွန်းလို့ အော်ဟစ်နေရပါတယ်။ ညည်းတွားနေရပါတယ်။

အဲဒီလိုပါပဲ တရားမသိသူဟာ အကောင်းကိုတော့ အဆိုးထင်၊ အဆိုးကိုတော့ အကောင်းထင်ပါတယ်။ အမှန်ကိုလည်း အမှားထင်တယ်၊ အမှားကိုလည်း အမှန်ထင်တတ်ပါတယ်။ ခါးသီးတဲ့ဒုက္ခကို ခံရချိန်မှာတော့ ပြုပြင်လို့ မရလောက်အောင် နောက်ကျနေပါပြီ။

တရားမမြင်တဲ့အတွက် မမြဲတာကိုလည်းပဲ မြဲတယ်ထင်တယ်၊ ဆင်းရဲကိုလည်း ချမ်းသာလို့ မြင်တယ်၊ အစိုးမရ မပိုင်တာကိုလည်း အစိုးတရ ပိုင်တယ်လို့ ထင်နေတာဟာ ပုထုဇဉ်တွေပါ။ တရားမသိ တရားမမြင်တဲ့ ပုထုဇဉ်ရဲ့အဖြစ်ဟာ ကြောက်စရာပါ။ ကိုယ့်ဒုက္ခ ကိုယ်တောင်းယူသလိုပါပဲ။

www.dhammadowload.com

မိတ္တဝိန္ဒကဟာ မိဘပြစ်မှား စော်ကားခဲ့တဲ့ အပြစ်ဒဏ်၊ အကုသိုလ်ကံကို အလူးအလဲ ခံရသလို ပုထုဇဉ်တွေမှာလည်း ကိုယ့်အမှားကံကို ကိုယ်သာ လျှင် ခံရပါတယ်။ အခု ဘုန်းကြီးတို့ ပရိသတ် ခံနေရတဲ့ ဒုက္ခဆင်းရဲတွေဟာ ကိုယ့်အမှားက ပေါ်ထွက်လာတဲ့ ဆိုးကျိုးရလဒ်တွေပါ။

ကိုယ်က ကောင်းတယ်ထင်ကာ ပြုကျင့်ခဲ့တာဟာ မကောင်းတာတွေ ဖြစ်နေတတ်ပါတယ်။ ကိုယ်က ကောင်းတယ်လို့ ခံယူကျင့်သုံးခဲ့တာတွေဟာ အမှားတွေ ဖြစ်နေတတ်ပါတယ်။ "လူဆိုတာ လူ့သဘာဝဒီလိုပဲနေရမှာပေါ့၊ လူဆိုတာ လူ့အလုပ် လုပ်ရမှာပေါ့" ဆိုပြီး တစ်သက်လုံး အမှားနဲ့ နေမိတတ်ကြပါတယ်။ အကုသိုလ်က အကျိုးပေးရင် ရှောင်လို့ လွှဲလို့ မရပါဘူး။ "လူဆိုတော့ လူလောက် ပဲ ကျင့်နိုင်မှာပဲ" ဆိုပြီးတော့ပြုလုပ်နေခဲ့သမျှဟာ အမှားကိုအမှန်မြင်နေတာသာ များပါတယ်။ အမှန် ကို အမှားထင်နေတာသာ များပါတယ်။

တရားမြင်ကြတဲ့ အရိယာပုဂ္ဂိုလ်တွေမှာဖြင့် အမှန်ကိုသိနိုင်တဲ့ ပညာရှိကြပါတယ်။ အခု ကြိုးစား ရှာဖွေနေကြတဲ့ သစ္စာတရားဆိုတာ အမှန်ကိုမြင်တဲ့ တရားပါ။ အမှန်ကိုသိတဲ့ သဘောပါ။ တရားမမြင် အောင် ဖုံးကွယ်ထားတာက မသိမှုမောဟ အဝိဇ္ဇာပါ။ အဝိဇ္ဇာက ဖုံးလို့ရှိရင် အမှားကို အမှန်ထင်မြင်သွား ပါတယ်။ အမှန်ကိုကျတော့ အမှားထင်သွားပါတယ်။ မလုပ်သင့်တာကို လုပ်သင့်တယ်လို့ ထင်ပါတယ်။ လုပ်သင့်တာကိုကျတော့ မလုပ်သင့်ဘူးလို့ထင်ပါတယ်။ ဒုက္ခကိုလည်းပဲ သုခလို့ ထင်ပါတယ်။ သုခကိုကျတော့ ဒုက္ခလို့ ထင်ပြန်ပါတယ်။

www.dhammadowload.com

အလွဲအမှားအဝိဇ္ဇာဟာတရားမသိသူတွေမှာတင်းပြည့်ကျပ်ပြည့် ရှိနေကြပါတယ်။ အရိယာ ပုဂ္ဂိုလ်တွေမှာတော့ တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ နည်းသွား ပါးသွားပါပြီ။ သောတာပန်နဲ့စာရင် သကဒါဂါမ်က ပိုနည်းသွားပါတယ်။ သကဒါဂါမ်နဲ့ စာရင် အနာဂါမ်က ပိုနည်းသွားပါတယ်။ ရဟန္တာဆိုရင် အမှားမြင်တဲ့ အဝိဇ္ဇာဟာ တစ်မြူတစ်မှုန်မျှတောင် မရှိတော့ပါဘူး။

ဒီတော့ သာမန်လူတစ်ယောက်ရဲ့ဘဝဟာ အင်မတန်မှ ကြောက်စရာကောင်းတဲ့ဘဝ၊ ဆိုးဝါးတဲ့ ဘဝ၊ အသိဉာဏ်တွေနည်းတဲ့ဘဝလို့ သိထားရပါမယ်။

ဘုန်းကြီးတို့ငယ်ငယ် ကလေးဘဝတုန်းက ဖယောင်းတိုင်မီးတို့၊ မီးအိမ်၊ မှန်အိမ်တို့၊ မီးခွက်တို့ ထွန်းထားရင် သွားပြီး ကိုင်ချင်ပါတယ်။ မီးကို ပူတတ် တယ်လို့ မသိလို့ပါ။ မသိတော့ လူကြီးတွေက မကိုင်နဲ့၊ ပူတယ်ပြောလည်း ကိုင်ချင်ပါတယ်၊ သွားမကိုင်နဲ့လို့ တားလည်း ကိုင်ကြည့်ချင်ပါတယ်။

အချို့က တားလို့မရပါဘူး။ ကိုင်လိုက်လို့ ပူသွားတော့မှ ပူမှန်းသိပါတယ်။ စိတ်ထဲမှာ ထင်နေတာ ပူမယ်လောင်မယ်လို့ မထင်ဘူး၊ ဒီလိုဒုက္ခရောက် မယ်လို့ မထင်ပါဘူး။ အဲဒီလိုပါပဲ၊ အရိယာတွေက လူကြီးနဲ့တူပါတယ်၊ ပုထုဇဉ်က ဘာမှမသိနားမလည် တဲ့ ကလေးငယ်နဲ့ တူပါတယ်။ ဒါကြောင့် ဘုရားရှင် က "အကုသိုလ်ကို မပြုနဲ့၊ ကုသိုလ်ကိုပြု၊ အဝိဇ္ဇာတွေကို လက်မခံထားနဲ့၊ အဝိဇ္ဇာတွေကို ဖယ်ရှင်းပါ" လို့ ဆုံးမတာပါ။

www.dhammadowload.com

နီဝရဏများပိတ်ဆို့

တရားမမြင်တဲ့ ပုထုဇဉ်ဟာ ဘာလို့ နီးလျက်နဲ့ ဝေးနေပါသလဲဆိုရင် နီဝရဏတွေ ပိတ်ဆို့နေလို့ပါ။ မျက်စိကောင်းတဲ့လူတစ်ယောက်၊ အမြင်ကောင်းတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါစေ၊ မျက်စိရှေ့တည့်တည့်မှာ လက်ဝါးနဲ့ကာထားရင် မမြင်ရပါဘူး။ အဝတ်ထူထူ ပိတ်စထူထူနဲ့ စည်းထားပတ်ထားရင် ဘာမျှမမြင်ရပါဘူး။ တရားဓမ္မကို မသိမြင်တဲ့ သူကို အမြင်မှန်မရအောင် နီဝရဏငါးပါးက ပိတ်ဆို့ထားပါတယ်။

ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏတွေက ဖုံးအုပ်ထားကြပါတယ်။ ဘုန်းကြီးက တရားမရတဲ့အကြောင်းရင်းဆိုပြီးတော့ သီးသန့်ရေးထားတာလည်း ရှိပါတယ်။ ဟောထားတာလည်း ရှိပါတယ်။ ဘာလို့ တရားမရတာလဲ၊ တရားမမြင်တာလဲလို့ဆိုရင် နီဝရဏငါးပါးကြောင့်ပါ။

www.dhammadowload.com

တရားသိမြင်လိုသူတိုင်းဟာ နီဝရဏငါးပါးကို ကြေကြေ ညက်ညက် သိထားဖို့လိုပါတယ်။ အားထုတ်ကျင့်ကြံကြပေမဲ့လို့ တရားမရတာဟာ နီဝရဏတွေကို မဖယ်ရှားနိုင်ကြလို့ပါ။

ကာမဂုဏ်တရားတွေကို လိုလားတောင့်တနေတာ နှစ်သက်နေတာဟာ ကာမစ္ဆန္ဒပါ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ မက်မောစရာ အာရုံ ကာမဂုဏ်တရားနောက် ကိုသာ တကောက်ကောက်ပါအောင် လိုက်ခိုင်းနေတဲ့ ကာမစ္ဆန္ဒ ဝင်လာချိန်မှာ တရားအားထုတ်လို့မရပါဘူး။ ကာမဂုဏ်ကိုသာ စိတ်ကစွဲနေတယ်၊ စိတ်ကရောက်နေတယ်။ ဒီကာမဂုဏ် တရားတွေကနေ ခွာမထွက်နိုင်ဘူး ဆိုရင်လည်း တရားမမြင် ပါဘူး။ ဘုန်းကြီးတို့ တရားအားထုတ်ရင်းနဲ့ စိတ်က ကာမဂုဏ် နောက်ကို ပါသွားပြီဆိုရင် ပြန်သတိထားပြီးပြန်ရှုမှတ်ရမှာ ပါ။ ပြန်မရှုမှတ်နိုင်ဘူးဆိုရင် တရားမမြင်တော့ပါဘူး။

ဗျာပါဒနီဝရဏဆိုတာက စိတ်ဆိုးဒေါသဖြစ်နေတာ ပါ။ အကြောင်းတစ်ခုခုကြောင့် စိတ်ထဲမှာ မကျေမနပ်ဖြစ် နေတာဟာ ဗျာပါဒနီဝရဏပါ။ ကာမစ္ဆန္ဒနီဝရဏက လောဘ၊ ဗျာပါဒနီဝရဏက ဒေါသပါ။ လောဘ ဒေါသနှစ်ခုကြောင့် တရား မြင်ဖို့ ခက်နေကြတာ များပါတယ်။

နောက်တစ်မျိုးက ထိနမိဒ္ဓနီဝရဏပါ။ အိပ်ချင်ငိုက်မြည်း ပြီး ကိုယ်တွေစိတ်တွေ လေးလံထိုင်းမှိုင်း နေတဲ့သဘောပါ။ တရားအားထုတ်ရင်းနဲ့ ငိုက်နေတဲ့သူ တရားမရနိုင်ပါဘူး။

www.dhammadowload.com

ဘုန်းကြီးတို့ ပရိသတ်ရေ။ စာကျက်ရင်းနဲ့ တစ်ချို့ကျောင်းသား၊ ကျောင်းသူတွေ ကိုယ့်သားတွေမြေးတွေ စာအုပ်တော့ဖွင့်ထားတယ်၊ စာအုပ်တော့ကြည့်နေတယ်၊ ဒါပေမဲ့ ငိုက်နေရင် စာကျက်လို့ မရပါဘူး။

လူတိုင်းလူတိုင်း အလုပ်တွေ လုပ်နေကြရပါတယ်။ စီးပွားရေးအတွက်ဖြစ်စေ၊ စားရေးသောက်ရေးအတွက်ဖြစ်စေ အလုပ်တွေ လုပ်နေကြရပါတယ်။ အလုပ်ချိန်မှာ အလုပ်မလုပ်ဘဲနဲ့ ချောင်ခိုပြီးအိပ်နေရင် စီးပွားမဖြစ်ပါဘူး။ စီးပွားရှာတဲ့နေရာမှာလည်း ထိနမိဒ္ဓဝင်ရင် ပျက်တတ်ပါတယ်။ ပညာသင်ရာမှာ ထိနမိဒ္ဓကို မနိုင်ရင် ပညာမရပါဘူး။ တရားအလုပ် အားထုတ်တဲ့အချိန်မှာလည်း ထိနမိဒ္ဓဝင်လာရင် တရားတွေ ပျောက်ပျက်ကုန်တယ်။ တချို့ယောဂီတွေက "အရှင်ဘုရား တပည့်တော် တရားအားထုတ်ရင်းနဲ့ပဲ ရှုနေရင်းနဲ့ တစ်ချက် ဆတ်ခနဲဖြစ်သွားတော့ တရားတွေ ဘယ်ရောက်သွားမှန်း မသိဘူး။ အဲဒါ ဘာဖြစ်တာလဲဘုရား" တဲ့။

တချို့က လာလျှောက်သေးတယ်။ ဆတ်ခနဲ ဖြစ်ပြီးတော့ တရားတွေပျောက်သွားတယ်ဆိုတာ အိပ်ငိုက်သွားတာပါ။ ဘုန်းကြီးတို့ ပရိသတ်ရေ၊ ငိုက်သွားတဲ့သူ တရားမမြင်တော့ပါဘူး။

ဥဒ္ဓစ္စ ကုက္ကုစ္စ ဆိုတာက စိတ်ပျံ့လွင့်တာနဲ့ စိတ်ပူလောင်တာပါ။ အတွေးအာရုံတွေ ပျံ့ဝဲနေတယ်၊ ဟိုရောက်ဒီရောက်နဲ့ ရောက်ချင်တဲ့နေရာရောက်တယ်၊ သွားချင်တဲ့နေရာသွားတယ်၊

www.dhammadowload.com

အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ အနှံ့ လွင့်ပျံ့တယ်။ မြို့တွေ၊ ရွာတွေ၊ တောတွေ၊ တောင်တွေ ဘာမှ မကျန်ဘူး။ ကုန်းလမ်း၊ ရေလမ်း၊ မြို့ကြီးမြို့ငယ် အသွယ်သွယ် တွေ၊ ဈေးတွေ၊ ကျောင်းတွေ အကုန်လုံး စိတ်က သွားနေတယ်၊ စဉ်းစားနေတယ်၊ ရောက်နေတယ်ဆိုတာ ဥဒ္ဒစ္စရဲ့လက်ချက် ပါ။ တစ်ခါတလေကျရင် စိတ်တွေ ဆင်းရဲနေတယ်၊ ပူလောင် နေတယ်။ စိတ်ပူပန်နေတာက ကုက္ကုစ္စပါ။

နောက်တစ်ခုက အမှန်ကို မဝေခွဲနိုင်တဲ့ ဝိစိကိစ္ဆာပါ။ သို့လောသို့လောနဲ့ ယုံမှားသံသယတွေ ဖြစ်နေတာမျိုးပါ။ "ငါဒီလိုကျင့်တာ ဟုတ်မှဟုတ်ရဲ့လား၊ ဖြစ်မှဖြစ်ပါ့မလား၊ နှာသီး ဖျားလေးကို သတိထားရှုပြီးတော့ ရုပ်နာမ်ကို ရှုမှတ်နေရုံနဲ့ နိဗ္ဗာန်မြင်တယ်ဆိုတာတကယ်မှဟုတ်ရဲ့လား၊ သူများတွေတရား ရသွားတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား" လို့ ယုံမှားသံသယ တွေဖြစ်နေတာက ဝိစိကိစ္ဆာပါ။

ငါးမျိုးသော နီဝရဏတရားဆိုးတွေ လွှမ်းမိုးနေတယ် ဆိုရင်၊ ဖိစီးနှိပ်စက်နေတယ်ဆိုရင်တရားမမြင်ပါဘူး၊ ဈာန်တရား လည်း မရနိုင်ပါဘူး၊ မဂ် ဖိုလ်တရားလည်း မရနိုင်ပါဘူး။

www.dhammadowload.com

ကမ်းမမြင်လမ်းမမြင်

မြတ်စွာဘုရားရှင် ဟောပြတော်မူတဲ့ ဩဃ ဆိုတဲ့ သဘောတရားဟာပင်လယ်သမုဒ္ဒရာနဲ့တူပါတယ်။ အနီးစပ်ဆုံး ဥပမာပြောမယ်ဆိုရင် ပင်လယ် ခရီးသွားနေတဲ့လူတစ်ယောက် ဟာဒီဘက်ကမ်းကနေဟိုဘက်ကမ်းကိုရောက်ချင်တယ်ဆိုရင် ပင်လယ်ပြင်ကြီးကို မလွဲမသွေ ဖြတ်ကျော်ရပါတယ်။ ဒီဘက်ကမ်း လောကသံသရာနဲ့ ဟိုဘက်ကမ်းနိဗ္ဗာန် ဆိုတဲ့ ကမ်းနှစ်ဖက်ကြားမှာ ဩဃရေပြင်ကျယ်ကြီး ခံနေတယ်လို့ သိထားရပါမယ်။

ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကို ကူးခတ်တဲ့ သူတိုင်း ဟိုဘက်ကမ်း မရောက်ပါဘူး။ ပင်လယ်ထဲမှာ နစ်မြုပ်သွားတာလည်း ရှိပါတယ်။ သေဆုံးသွားတာလည်း

www.dhammadowload.com

ရှိပါတယ်။ လက်လျှော့ပြီးတော့ နောက်ကြောင်းပြန်လှည့်တယ်လို့လည်းဖြစ်တတ်ပါတယ်။ဒီလိုပါပဲ။ဒီဘက်ကမ်းသံသရာကနေ ဟိုဘက်ကမ်း နိဗ္ဗာန်ကို ကူးရာမှာ အလွယ်တကူတော့မရောက်နိုင်ပါဘူး။ ကြားမှာခံနေတဲ့ ဩဃလေးသွယ်ဆိုတဲ့ရေပြင်ကျယ်ကို ကျော်လွန်သွားမှ ရောက်မှာပါ။

ကာမောဃနဲ့ ဘဝေါဃဆိုတာက လိုချင်လောဘပါ။ ဒိဋ္ဌောဃဆိုတာက အယူမှားဒိဋ္ဌိပါ။ အဝိဇ္ဇောဃဆိုတာက မသိမှုအဝိဇ္ဇာပါ။ လောဘရယ်၊ ဒိဋ္ဌိရယ်၊ မောဟရယ်လို့ တရားကိုယ်သဘောတရားရှိပါတယ်။ လောဘ၊ ဒိဋ္ဌိ၊ မောဟ သုံးမျိုးကို လွန်မြောက်အောင် ကူးခတ်ရပါမယ်။ ဟိုဘက်ကမ်း ကို ရောက်အောင်အားသွန်ခွန်စိုက် ကူးခတ်နေရပါမယ်။ ဟိုဘက်ကမ်း ရောက်သွားရင် ဘယ်ကို ရောက်မှာလဲဆိုတော့ နိဗ္ဗာန်ရောက်မှာပါ။

နိဗ္ဗာန်ရောက်ဖို့အတွက် ရေပြင်ကျယ်နဲ့တူတဲ့ လောဘပင်လယ်၊ ဒိဋ္ဌိပင်လယ်၊ မောဟပင်လယ်တွေကို မကျော်လွန်နိုင်လို့ မရပါဘူး။ ကျော်လွန်နိုင်သွားသူက အရိယာသူတော်စင်တွေပါ။ မကျော်လွန်နိုင်ဘဲ မျောပါသွားတဲ့သူ၊ ခြေကုန်လက်ပန်းကျတဲ့သူ၊ နောက်ပြန်လှည့်တတ်တဲ့သူက တရားမမြင်ပုထုဇဉ် ပါ။

သံသရာဝဲဩဃရေပြင်ကျယ်ကိုအောင်မြင်စွာကူးသွားနိုင်အောင် အသေအချာ လေ့ကျင့်ရ ပါမယ်။ ဖွဲလုံ့လဝီရိယရှိရပါမယ်။ အသိဉာဏ်ပညာ ပြည့်စုံရပါမယ်။

www.dhammadowload.com

လောဘကိုလည်း ကျော်လွှားနိုင်ပြီ၊ ဒိဋ္ဌိကိုလည်း ကျော်လွန်နိုင်ပြီ၊ မောဟတွေ လွှားကျော်ဖြတ်နိုင်ပြီဆိုရင် အေးငြိမ်းချမ်းသာတဲ့ ဟိုဘက်ကမ်း ရောက်ပါတယ်။ နိဗ္ဗာန် ကမ်းတစ်ဖက်ကို တက်လှမ်းသွားသူက တရားမြင်တဲ့ အရိယာ ပါ။ မတက်နိုင်သေးသူက တရားမမြင်တဲ့ ပုထုဇဉ်ပါ။ တရား မမြင် သူတွေဟာ ကြိုးစားကူးခတ်ဖို့ လိုပါတယ်။ တရားဓမ္မကို သိမြင်ဖို့၊ ကျင့်ကြံအားထုတ်ဖို့ လိုပါတယ်။

တရားမမြင်တဲ့ပုထုဇဉ်ဘဝဟာအင်မတန်မှအပြစ်များ ပါတယ်။ အပါယ်ငရဲကိုလည်းပဲ ကျနိုင် သေးတယ်။ အမှန် ကိုလည်း အမှားထင်နိုင်သေးတယ်။ ဆရာလွဲမှားလို့ ကိုးကွယ် ယုံကြည်မှုတွေနဲ့ ချွတ်ချော် တိမ်းပါးနိုင်ပါတယ်။ တရား မမြင်အောင် နီဝရဏ တရားတွေရဲ့ပိတ်ဆို့မှု ခံနေရတယ် ဆိုတာကို နားလည်သဘောပေါက်ရပါမယ်။

အခု ဘုန်းကြီးပြောခဲ့တဲ့ အကြောင်းအချက် တွေဟာ နီးလျက်နဲ့ဝေးနေရတဲ့ အကြောင်းရင်းတွေ ပါပဲ။ နီးပင်နီး ပေမဲ့ တရားမမြင်နိုင်အောင် ဝေးကွာသွားစေတဲ့ အကြောင်း ရင်းတွေပါပဲ။

www.dhammadowload.com

ကြည့်တတ်ရင် တရားမြင်

ကြည့်တတ်တဲ့သူ၊ မြင်တတ်တဲ့သူအဖို့ တရားဖြစ်စရာ၊ တရားရစရာအကြောင်းတွေဟာ ကိုယ့် အနားမှာပဲ ရှိနေပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို ကြည့်မြင်သုံးသပ်တတ်လျှင်လည်းတရားထူးတရားမြတ်ရသွားနိုင်ပါတယ်။

ကြည့်တတ်ရင် ဘာဝနာလို့ ပြောတဲ့အတိုင်း ကြည့်မြင်တတ်သူတို့အတွက် အရာရာဟာ တရား အတွက် အထောက်အကူ ဖြစ်စေပါတယ်။ တရား ရနိုင်ပါတယ်။

အသေးအဖွဲလေး ဖြစ်ပါစေ၊ ဘယ်အရာကိုပဲ ကြည့်ကြည့် နက်နက်နဲနဲ တွေးတောဆင်ခြင် ပြီးတော့ ကြည့်မြင်သုံးသပ်မယ်၊ တရားဓမ္မနဲ့အညီ ရှုမြင်မယ်ဆိုရင် တရားဖြစ်သွားပါတယ်။

www.dhammadowload.com

တရားမြင်အောင် ဘာကိုကြည့်ရမှာလဲလို့ ဆိုရင်တော့ တစ်လောကလုံး ဘာကိုပဲကြည့်ကြည့် သက်ရှိသက်မဲ့ လောကကြီးဟာ ကိုယ့်ကို အထင်အရှား တရားပြနေပါတယ်။ ဆရာမရှိဘူး၊ ဆရာရှာမတွေ့ဘူးဆိုရင် တရားမြင်ဖို့လောကကြီးကို ဆရာတင်လိုက်ပါလို့ ပြောချင်ပါတယ်။

လက်ရှိ လောကကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာ အားလုံးဟာ တရားပြနေတယ်လို့ မှတ်ယူနိုင်ပါတယ်။ တရားပြနေပေမဲ့ ကြည့်တတ်မှ တရားရပါတယ်။ မကြည့်တတ်၊ မမြင်တတ်ရင်လည်း တရားမရပါဘူး။

ကိုယ့်ပတ်ဝန်းကျင် လောကဆိုတာက သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဆိုပြီး လောကသုံးပါး ရှိပါတယ်။

သူ သူ ငါငါ အားလုံးသောသတ္တဝါတွေက "သတ္တလောက"၊ အဲဒီသတ္တဝါတွေ နေထိုင်ကြတဲ့ ကမ္ဘာမြေ စကြဝဠာက "ဩကာသလောက"၊ သတ္တဝါတို့မှာ ရှိနေကြတဲ့ ရုပ်နာမ်တရားတွေကို ကျတော့ "သင်္ခါရလောက" လို့ ခေါ်ပါတယ်။

အဲဒီလောကသုံးပါးမှာ ဘယ်လောကကိုပဲ ကြည့်လိုက်ကြည့်လိုက်၊ ဘယ်နေရာကိုပဲ ကြည့်လိုက်ကြည့်လိုက်ပါ။ ကြည့်မြင်တတ်သူတို့အတွက် လောကကြီးဟာ ဆရာသမားနဲ့ တူပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လောကကြီးက သတ္တဝါတွေကို တရားပြနေတယ်လို့ ပြောရမှာပါ။

www.dhammadowload.com

သင်ခန်းစာယူတတ်မယ်ဆိုရင်လည်း လောကကြီးမှာ သင်ခန်းစာတွေ အများကြီးပါ။ အတုယူတတ်မယ်ဆိုရင်လည်း လောကထဲမှာ အတုယူစရာတွေ အများကြီးပါ။

မိုးတွင်းကာလ တဝေါဝေါနဲ့ မိုးရွာတော့ ကိုယ့်အိမ် တံစက်မြိတ်ကနေ ရေတွေ တစ်ပေါက်ပြီး တစ်ပေါက်ကျတာကို တွေ့ရပါလိမ့်မယ်။

တံစက်မြိတ်အောက်မှာ ခံထားတဲ့အိုးထဲ တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျပါများတော့ အိုးထဲမှာ ရေပြည့်သွားတယ်။ ဒါကို ကြည့်မြင် သုံးသပ်တတ်တဲ့သူက "အော် ... အတတ်ပညာ ဆိုတာ တဖြည်းဖြည်းချင်း စုယူရမယ်" လို့ သဘောပေါက်ပြီး တဖြည်းဖြည်းချင်း ဆည်းပူးသွားရင်လည်း ပညာရှိတစ်ယောက် ဖြစ်လာပါတယ်။

"ဥစ္စာပစ္စည်းတွေလည်း နည်းနည်းချင်း နည်းနည်းချင်း စုဆောင်းသွားမယ်ဆိုရင် တဖြည်းဖြည်းနှင့် များပြားတဲ့ ဥစ္စာ ပစ္စည်းတွေ ဖြစ်လာလိမ့်မယ်" လို့ နည်းယူလိုက်ရင် ဒါဟာ စီးပွားရှာနည်း ဖြစ်သွားပါတယ်။ ဒီနည်းတွေကို ဘယ်သူက ပေးတာလဲဆိုတော့ ပတ်ဝန်းကျင်လောကက သင်ပြပေးလိုက် တာပါ။

ဥစ္စာပစ္စည်းကိုစုရင် စီးပွားဖြစ်သလို ကုသိုလ်ရေးရာ ဘက်က တွေးကြည့်ပြီး ကုသိုလ်တရားတွေကို တတ်နိုင်သ လောက် နည်းနည်းချင်း ကြိုးစားပြီးတော့ ပြုလုပ်သွားမယ်ဆို

www.dhammadowload.com

ရင် ကုသိုလ်တရားတွေ ပြည့်စုံသွားလိမ့်မယ်။ ကိုယ်တတ်နိုင်တဲ့ အနေအထားအရ ဒါနကောင်းမှုတွေ ပြုမယ်၊ သီလတရား တွေလည်း စောင့်သုံးမယ်၊ ဘာဝနာတရားတွေလည်း ကျင့်ကြံ ပွားများမယ်ဆိုရင် ပြည့်စုံလာပါလိမ့်မယ်။

အစပိုင်းမှာတော့ မသိသာပေမဲ့ တဖြည်းဖြည်းချင်း စုလာစုလာတဲ့အခါကျတော့ တစ်စက်ချင်းကျတဲ့ရေပေါက်တွေ ရာဝင်အိုးကြီး ပြည့်လာသလို ဘုန်းကြီးတို့ ပရိသတ်မှာလည်း ကုသိုလ်တွေ ပြည့်လာမှာလို့ ရှုမြင်သုံးသပ်ကြရင် ကုသိုလ် ပြုနည်း ရပါတယ်။

ဉာဏ်ရှိတဲ့သူတွေကတော့ ဒီနည်းလမ်းအတိုင်းလောက ကို ဆရာတင်ပြီးတော့ တရားဓမ္မတွေ ရယူသွားကြပါတယ်။ တရားမြင်သွားကြပါတယ်။

www.dhammadowload.com

တရားပြတဲ့ သရက်ပင်

ပတ်ဝန်းကျင်ကို သတိထားကြည့်လိုက်ရင် တရားရစရာ အကြောင်းတွေ အများကြီးရှိပါတယ်။ သစ်ပင်လေး တစ်ပင်ဟာ နွေရာသီမှာ သစ်ရွက်တွေ ကြွေသွားတယ်။ မိုးလေ တစ်ပြိုက် နှစ်ပြိုက် ရွာတဲ့အချိန်မှာ အကိုင်းဖျားလေးက အရွက်ထွက်ရမယ့် နေရာမှာ ပုရစ်ဖူးလေးတွေ ထွက်လာတယ်၊ ရွက်နုလေးတွေ ထွက်လာတယ်၊ တော်တော်လေးကြာတော့ တစ်ပင်လုံး စိမ်းလန်းတဲ့ အရွက်တွေနဲ့ ဝေဆာပြီးတော့နေတယ်။ ဒါပေမယ့် ဘာမျှမကြာလိုက်ပါဘူး။ ရွက်နုတွေက ကြမ်းလာရင့်လာတယ်၊ ဝါလာတယ်၊ ကြွေကျသွားတယ်။ တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာတဲ့ ပြောင်းလဲတဲ့ ပျက်စီးတဲ့ သဘောတွေကို သစ်ပင်၊ သစ်ရွက်တွေကလည်း အထင်အရှား ပြနေကြပါတယ်။

www.dhammadowload.com

ပတ်ဝန်းကျင်မှာ ရှိနေတာမှန်သမျှဟာ ကြည့်တတ်ရင် တရားမြင်ပါတယ်။ အဲဒီလို ကြည့်မြင်သုံးသပ်ပြီး တရားမြင်သွားသူတွေလည်း အများကြီး ရှိခဲ့ဖူးပါတယ်။

လွန်ခဲ့တဲ့ အတိတ်ရှေးခါ ကပ်ကမ္ဘာ ကာလတုန်းက မိတ္ထီလာပြည်မှာ မင်းအဖြစ်နှင့် နှစ်ပေါင်း ခုနစ်ရာတိုင်တိုင် မင်းစည်းစိမ်၊ ထီးနန်းစည်းစိမ်တွေ ကို အပြည့်အဝ ခံစားနေတဲ့ မဟာဇနကမင်းကြီးဟာ တစ်နေ့ကျတော့ ခုနစ်ရာသောမိဖုရားတွေနဲ့ အတူ ဥယျာဉ်ကစား ထွက်လာပါတယ်။

မိဖုရားတွေ၊ စစ်သည်ဗိုလ်ပါတွေ၊ မင်းမှူးမတ်တွေနဲ့ ပျော်ပါးကစားရအောင်ဆိုပြီး နန်းတော်ကနေ နံနက်စောစောတည်းက ထွက်လာခဲ့ကြတာပါ။ ဥယျာဉ်တံခါးဝအရောက်မှာ သရက်ပင်နှစ်ပင် ဟိုဘက်ဒီဘက် တစ်ပင်စီ ပေါက်နေတာကို သတိထားမိလိုက်ပါတယ်။

တစ်ပင်ကိုကြည့်လိုက်တော့အသီးတွေသီးနေတဲ့အပင်ပါ။ အပင်ပေါ်က အသီးတွေက မှည့်လို့ ဝင်းလို့ ပင်လုံးညွတ်နေပါတယ်။ နောက်တစ်ပင်ကတော့အသီးမရှိတဲ့သရက်ပင်ပါ။ တစ်ပင်လုံးမှာ အသီးတစ်လုံးမျှ မရှိပါဘူး။

မဟာဇနကမင်းကြီး သရက်သီးတွေ့တော့ ရာဇက္ကန္ဒြေ ထိန်းမနေနိုင်တော့ပါဘူး။ ဆင်ကျောကုန်းပေါ်ကနေပြီး သရက်သီးတစ်လုံး ခူးဆွတ်ပြီးစားလိုက်ပါတယ်။ "သိပ်အရသာရှိတာပဲ၊ အင်မတန်ချိုတာပဲ" ဆိုပြီး နောက်တစ်လုံး ထပ်ခူးစားပြန်ပါတယ်။

www.dhammadowload.com

ရှင်ဘုရင်ကြီးကိုယ်တိုင် သရက်သီးတွေ တစ်လုံးပြီး တစ်လုံး အားရပါးရ ရှုးစားနေတာမြင်တော့ နောက်က ပါလာတဲ့ ပရိသတ်တွေက လည်း စားချင်လာကြပါတယ်။

စောစောက ဒီသရက်ပင်မှာရှိတဲ့အသီးကို ရှင်ဘုရင်ကြီး မစားရသေးလို့ဘယ်သူမျှမစားရဲကြပါဘူး။ ခုတော့ရှင်ဘုရင်ကြီး လည်း သရက်သီးကို ပွဲတော်တည်ပြီးပြီဆိုတော့ နောက်က ပါလာတဲ့ မှူးမတ်များက "ရှင်ဘုရင်ကြီး ပွဲတော်တည်ပြီးရင် ဒို့တစ်တွေလည်း ရှုးစားလို့ရပြီ" ဆိုပြီး တစ်ယောက် တစ်လုံး ဆိုသလို ရှုးစားကြပါတယ်။ မှူးမတ်များ စားပြီးတော့ နောက်က စစ်သည် ဗိုလ်ပါတွေကလည်း သူတစ်လုံးကိုယ်တစ်လုံး ရှုးစား ကြပါတယ်။

တဖြည်းဖြည်းနှင့် နောက်ဆုံးကပါလာတဲ့ နောက်လိုက် နောက်ပါတွေအတွက်ကျတော့ လက်နဲ့ ရှုးလို့မမီတော့ဘူး။ လက်နဲ့ရှုးဆွတ်လို့ မရတဲ့အဆုံး နောက်ပါအခြွေအရံတွေက သစ်ပင်ပေါ်က သရက်သီးကိုရအောင် တုတ်နဲ့ ပစ်ကြပါတယ်။ ခဲနဲ့ ပေါက်ကြပါတယ်။ တံချူနဲ့ ချူကြတယ်။ မရရအောင် ရှုးယူ ကြပါတယ်။

တုတ်နဲ့လည်းပစ်၊ ခဲနဲ့လည်းပေါက်၊ တံချူနဲ့ လည်းချူ ဆိုတော့ သရက်ပင်ဟာ မရှုမလှခံရပါတော့တယ်။ အရွက်တွေ လည်းကြွေ၊ အကိုင်းတွေလည်းကျိုးလို့ ရုပ်ပျက်ဆင်းပျက် ဖြစ်ရ ပါတယ်။

www.dhammadowload.com

ရှင်ဘုရင်ကြီးကတော့ နောက်ပိုင်းမှာ ဘာဖြစ်နေတယ် ဆိုတာကို မသိရှာပါဘူး။ တစ်နေ့လုံး ဥယျာဉ်ကစားပျော်ပါးပြီး ညနေခင်းမှာ ပြန်ထွက်လာလို့ ဥယျာဉ်အပေါက်ဝ ရောက်ပြန် တော့စောစောကသရက်ပင်နှစ်ပင်ကိုအမှတ်မထင်ကြည့်လိုက် မိပြန်ပါတယ်။

မနက်က အသီးတွေနဲ့ပြည့်နေတဲ့ သရက်ပင်၊ အခက်အလက်တွေ ဝေဆာနေတဲ့ သရက်ပင်၊ စိမ်းလန်းစိုပြည်နေတဲ့ သရက်ပင်၊ ခုတော့ ရိုးတံကျဲကျဲသာ ရှိတော့တယ်။ အရွက်တွေ လည်းကြွေပြီးအောက်မှာပွစာကြဲလို့၊အကိုင်းတွေလည်းကျိုးလို့၊ မြင်လို့ရှုလို့ မကောင်းတော့တဲ့ သရက်ပင်ကို မြင်ရတယ်။

မနက်မြင်ကွင်းနဲ့ ညနေမြင်ကွင်း မတူတော့ဘူး။မနက် တုန်းကတော့ အသီးတွေ အဖူးတွေ အပွင့်တွေနဲ့စိမ်းလန်း စိုပြည်လို့ အရွက်တွေ ဝေဝေဆာဆာနဲ့ ကြည့်လို့ကောင်းတဲ့ သရက်ပင်၊ညနေပြန်လာချိန်မှာရိုးတံကျဲကျဲနဲ့ ဖရိုဖရဲဖြစ်နေပြီး မြင်မကောင်း ရှုမကောင်းအောင် ကျိုးပဲ့ပျက်စီးနေပြီ။ ဒါကို မြင်တဲ့ မဟာဇနက မင်းကြီးရဲ့စိတ်ထဲမှာ သံဝေဂဉာဏ် ဝင်လာပါတယ်။

"ကြည့်စမ်းပါဦး၊ ဟိုဘက်က သရက်ပင်နဲ့ ဒီဘက်က သရက်ပင်၊ မနက်တုန်းကတော့ နှစ်ပင်စလုံးစိမ်းလန်းနေတယ်၊ အခုညနေပြန်လာလို့ကြည့်လိုက်တဲ့အခါအသီးရှိတဲ့သရက်ပင် မှာ ကျိုးပဲ့နေတယ်၊ ပျက်စီးနေတယ်၊ အသီးမရှိတဲ့ သရက်ပင်

www.dhammadowload.com

မှာတော့ ဒီအတိုင်း ရှိနေတယ်၊ ဘာတစ်ခုမျှ မကျိုးပဲ့ဘူး၊ မပျက်စီးဘူး၊ အကောင်းပကတိ ရှိနေတယ်။ ရှိလို့ ဖျက်ဆီးခံရတာ၊ မရှိရင် ဖျက်ဆီးနှိပ်စက် မခံရဘူး" လို့ ရှုမြင်သုံးသပ်လိုက်ပါတယ်။

အသီးမရှိတဲ့ အပင်က မပျက်စီးပါဘူး။ အသီး မရှိတဲ့ အပင်ကို ဘယ်သူတွေကမျှ ခူးကြဆွတ်ကြ၊ ခဲနဲ့ပစ်ကြ၊ တုတ်နဲ့ ပေါက်ကြတာတွေမလုပ်ကြပါဘူး။အသီးမရှိတဲ့အတွက်ကြောင့် နဂိုအတိုင်း စိမ်းစိမ်းစိုစို ရှိနေနိုင်ပါတယ်။

အသီးရှိတဲ့ သရက်ပင်ကျတော့ အပင်ပေါ်က သရက်သီးကို သူလည်းလိုချင်တယ်၊ ကိုယ်လည်း လိုချင်တယ်၊ သူက လည်းပဲသရက်သီးကိုစားချင်တယ်၊ကိုယ်ကလည်းပဲသရက်သီးကို စားချင်တယ်။ လူတိုင်းလူတိုင်းက သဘောကျလိုချင်နေကြတဲ့အတွက်အသီးရှိတဲ့ဒီသစ်ပင်ပျက်စီးခြင်းကိုရောက်တယ် ဆိုတာကို ကြည့်ပြီး မဟာဇနကမင်း တရားသဘော မြင်သွားပါတယ်။

လောကထဲမှာလည်းပဲ ဒီအတိုင်းပါပဲလားလို့ လောကရဲ့ သဘောကို နားလည်သွားပါတယ်။ "လူတိုင်း လူတိုင်းက လိုချင်ကြလို့ ရှာဖွေကြတဲ့ ဥစ္စာပစ္စည်း စည်းစိမ်ချမ်းသာကို ပိုင်ဆိုင်ထားတဲ့သူ တွေမှာ ဒုက္ခတွေ များတယ်။ ကိုယ့်လက်ထဲ ရှိတဲ့ဥစ္စာကို သူကလိုချင်တော့ရအောင် သူအားထုတ်မယ်။ သူ့လက်ထဲရောက်အောင် ကြိုးစားမယ်၊ လုယူမယ်၊ ခိုးယူမယ်၊ ဝှက်ယူမယ်၊ တိုက်ယူမယ်။ နည်းလမ်းမျိုးစုံနဲ့ အရယူလိုက်ချိန်မှာ ကိုယ်လည်း အသီးရှိတဲ့ သရက်ပင်လိုပဲ ပျက်စီးခြင်းကိုရောက်ရပါလိမ့်မယ်။

www.dhammadowload.com

ငါ့မှာ ကြည့်လိုက်ရင်လည်း ကာမဂုဏ်တရားတွေက များစွာရှိနေတယ်။ သရက်သီးနဲ့တူတဲ့ ကာမဂုဏ်တွေ ငါ့မှာ မြောက်မြားစွာ ရှိနေတယ်။ ထီးနန်းစည်းစိမ်လည်း ရှိပါတယ်။ စိန်တွေရွှေတွေရတနာတွေလည်းရှိနေတယ်။မိဖုရားတွေလည်း ရှိတယ်။ သားတော် သမီးတော်တွေလည်းပဲ ရှိတယ်။ တန်ခိုး အာဏာတွေလည်း ရှိနေတယ်။

ဒါတွေအားလုံးဟာလိုချင်စရာကောင်းတာတွေချည်းပဲ။ လူတိုင်း လိုချင်ကြတာချည်းပဲ။ အဲဒီတော့ ရအောင် လုယက်ယူ မယ်၊ တိုက်ယူခိုက်ယူမယ် ဆိုလို့ရှိရင် ငါဟာ အသီးသီးတဲ့ သရက်ပင်ပမာ ဒုက္ခရောက်ဖို့သာ ရှိတော့တယ်။ ကာမဂုဏ်တွေ ပိုင်ဆိုင်ထားတဲ့ လူသားတစ်ယောက်ဟာလည်း သရက်ပင် ကြီးလို ပျက်စီးခြင်းမလှ ပျက်စီးရမှာပဲ။ ဒုက္ခရောက်မှာပဲ" လို့ သိမြင်တဲ့အချိန်မှာ မဟာဇနကမင်းကြီးဟာ ဆင်ကျောကုန်းပေါ် မှာပဲ တရားနှလုံးသွင်း ရှုပွားဆင်ခြင်လိုက်ပါတယ်။

"ငါ့ခန္ဓာကိုယ်ကြီး ကြည့်လိုက်မယ်ဆိုရင်လည်း ဒီ အတိုင်းပါပဲလား၊ ခန္ဓာကိုယ်ကြီးဟာ ပျက်စီးရမယ့် ခန္ဓာကြီး ပါလား၊ မနက်တုန်းက အကောင်းပကတိ သရက်ပင်ကြီး ညနေ ကျတော့ ပျက်စီးရသလို ဘဝ အစပိုင်းမှာတော့ ဒီခန္ဓာကိုယ် ကြီးသည် နှိပ်စက်မှုတွေနဲ့၊ သန်စွမ်းမှုတွေနဲ့၊ လှပတင့်တယ်မှုတွေနဲ့ ပြည့်စုံနေတယ်။

ဘဝညနေခင်း နေဝင်ချိန်ကို ရောက်တဲ့အခါမှာ ဒီခန္ဓာ ကိုယ်ကြီး ယိုယွင်းလာပြီး ဖောက်ပြန်လာပါပြီ။ ဟိုနားကနာ၊

www.dhammadowload.com

ဒီနားကနာနဲ့ ရောဂါဝေဒနာတွေပေါင်းစုံ ရောက်လာပါပြီ။ ပျက်စီးမယ့်လက္ခဏာကို ပြလာ ပါပြီ။ တစ်ချိန်ချိန်မှာ ပျက်စီးမှာ အသေအချာဆိုတော့ မပျက်စီးခင်မှာ ငါသည် ကြိုတင်ပြီး တော့ တရား ရှာမှဖြစ်မယ်" လို့ နလုံးသွင်းပြီးတော့ ဆင်ကျော ကုန်းထက်မှာပဲ ဇနကမင်းကြီး တရားနလုံးသွင်းလိုက်တာ ပစ္စေကဗောဓိဉာဏ်ကို ရသွားပါတယ်။ ပစ္စေကဗုဒ္ဓ ဖြစ်သွား ပါတယ်။

မှူးမတ်စစ်သည်ဗိုလ်ပါတွေ မိဖုရားတွေက ဥယျာဉ် တံခါးပေါက်ဝမှာ သရက်ပင်နှစ်ပင်ကို တစိမ့်စိမ့်ကြည့် ပြီး အကြာကြီးရပ်တန့်နေတဲ့ မင်းကြီးကို ပြန်ဖို့ သတိပေး ကြမယ်လို့ဆိုပြီး "အရှင်မင်းကြီး၊နန်းတော်ပြန်ရမယ့်အချိန်အခါ ရောက်ပါပြီ၊ ညနေစောင်းပါပြီ၊ မိုးချုပ်ပါပြီ" လို့ နောက်ကနေ လျှောက်တင်ကြတဲ့အခါမှာ ဇနက မင်းကြီးက "သင်တို့ ငါ့ကို မင်းကြီးလို့ မခေါ်ကြနဲ့တော့၊ ငါဟာ ပစ္စေကဗုဒ္ဓအရှင်မြတ် ဖြစ်နေပြီ" လို့ ပြောလိုက်ပါတယ်။

အသွင်အပြင်အားဖြင့်တော့မင်းဝတ်မင်းစားမင်းမြောက် တန်ဆာတွေနဲ့ ရှင်ဘုရင်တစ်ပါးရဲ့ အသွင်အပြင်တွေနဲ့ပါ။ ဒါပေမဲ့ သူ့ရဲ့အတွင်းစိတ်သန္တာန်ကတော့ ပစ္စေကဗောဓိဉာဏ် ကိန်းအောင်း နေတဲ့ ပစ္စေကဗုဒ္ဓ ဖြစ်နေပါပြီ။

နောက်က ပရိသတ်တွေက မယုံကြည်ကြ၊ လက်မခံ ကြပါဘူး။ "အရှင်မင်းကြီး ပစ္စေကဗုဒ္ဓ ဆိုတာ ဒီလိုပုံပန်းသဏ္ဍာန် မဟုတ်ပါဘူး၊ ဒီလို နေပုံထိုင်ပုံမျိုး မဟုတ်ပါဘူး" လို့ ပြော

www.dhammadowload.com

ကြတော့ အစိဋ္ဌာန်ပြုလိုက်ပြီး ဦးခေါင်းကို လက်တော်နဲ့ သုံးသပ်လိုက်တာနဲ့ တစ်ပြိုင်နက် ဆံပင်တွေလည်း ရိတ်ပယ်ပြီးသား၊ ခန္ဓာကိုယ်မှာလည်းပဲ သင်္ကန်းဝတ်ပြီးသား၊ သပိတ်လွယ်ပြီးသား ပစ္စေကဗုဒ္ဓအသွင် ပေါ်လာပါတယ်။

ထီးနန်းစည်းစိမ်တွေအားလုံး လွှဲပြီးတော့ ဇနကမင်းကြီးဟာ ဟိမဝန္တာတောကြွပြီး တရားဓမ္မတွေနှင့်တရားချမ်းသာနှင့် နေတော်မူပါတယ်။ ဘုန်းကြီးတို့ ပရိသတ် ၊ မဟာဇနကမင်းကြီး တရားရသွားတဲ့အကြောင်း ရှာကြည့်လိုက်ရင် ကိုယ့်ပတ်ဝန်းကျင်မှာရှိနေတဲ့ လောကသဘာဝကို သိမြင် နားလည်သွားလို့ တရားရသွားတာပါ။

လောကသဘာဝကလည်းကြည့်တတ်မြင်တတ်တဲ့သူအတွက် တရားရရာရကြောင်း အနိစ္စတရားတွေ ပြနေပါတယ်၊ ဒုက္ခတရားတွေ ပြနေပါတယ်၊ ပျက်စီးရမယ့် သဘောတရား ကုန်ခန်းရမယ့် သဘောတရားတွေကို လောကကြီးက ပြနေပါတယ်။

www.dhammadowload.com

လက်ကောက်သံလေး တချွင်ချွင်

ပတ်ဝန်းကျင်လောကကိုရှုမြင်သုံးသပ်ပြီးတော့တရားရသွားတဲ့ နောက် ပစ္စေကဗုဒ္ဓ အရှင်မြတ်တစ်ပါးကတော့ တက္ကသိုလ်ပြည်က နဂ္ဂဇိမင်းကြီးပါ။ တက္ကသိုလ်ပြည်ကြီး အုပ်ချုပ်နေတဲ့နဂ္ဂဇိမင်းကြီးဟာတစ်နေ့ကျတော့သူ့ရဲ့ပလ္လင်အနီးမှာ မိဖုရားငယ်လေးတစ်ပါး သနပ်ခါးသွေးနေတာကိုအမှတ်မထင် ကြည့်မိလိုက်ပါတယ်။

ကျောက်ပျဉ်ပေါ်မှာ သနပ်ခါးတုံးနဲ့ သွေးနေတဲ့ မိဖုရားငယ်ရဲ့လက်ထဲမှာလည်း လက်ကောက်တွေ အပြည့်နဲ့ပါ။ သနပ်ခါးသွေးလိုက်တိုင်း ကိုယ်လှုပ် လက်လှုပ်သွားချိန်မှာ လက်ကောက်တွေ တစ်ကွင်း နှင့် တစ်ကွင်း ထိမိခိုက်မိတော့ တချွင်ချွင်နဲ့ အသံတွေ ထွက်လာတာကို သတိပြုမိလိုက်ပါတယ်။

www.dhammadowload.com

"လက်ထဲမှာဝတ်ထားတဲ့ဒီလက်ကောက်ဟာတစ်ကွင်းတည်းသာရှိမယ်ဆိုရင်အသံမထွက်ဘူး၊လက်ကောက်နှစ်ကွင်းထိခိုက်မိတော့မှ အသံထွက်လာတယ်၊ သုံးလေးကွင်းဝတ်ထားမယ်ဆိုရင် ပိုပြီးတော့ အသံမြည်လာမယ်" လို့ ဆက်လက်ဆင်ခြင် ကြည့်မြင်လိုက်ချိန်မှာ နဂ္ဂဇိမင်းကြီး တရားသဘောပေါက်သွားပါတယ်။

လက်ကောက်ချည်းပဲ မဟုတ်ပါဘူး။ လူလည်းပဲ ဒီအတိုင်းပါပဲ။ တစ်ယောက်တည်းရှိချိန်မှာ မသံမထွက်ဘူး။ ဘာဖြစ်လို့ အသံ မထွက်တာ လဲဆိုတော့ အဖော်မှ မရှိတဲ့အတွက် ပြောစရာ မရှိလို့ပါ။ နှစ်ယောက် သုံးယောက်ဖြစ်လာပြီဆိုလို့ရှိရင် အသံထွက်လာပါပြီ။ ဟိုအကြောင်း ပြောမယ်၊ ဒီအကြောင်း ပြောမယ်။ အဆင်ပြေနေတဲ့ အချိန်အခါမှာတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ ပြောကြမယ်။ အဆင်မပြေတဲ့အချိန် ကျရင်တော့ ရန်စကားတွေ ပြောကြတော့မယ်။ ရန်တွေဖြစ်ကြမယ်။ စကားများကြမယ်။ အသံထွက် လာပြီ။ လက်ကောက်နှစ်ကွင်း ထိခိုက်မိသလို အသံတွေထွက်လာပါပြီ။

နဂ္ဂဇိမင်းကြီး သံဝေဂရလည်း ရစရာပါ။ တစ်ယောက်တည်းနေတုန်းက ဘာသံမျှမမြည်ပေမယ့် နှစ်ယောက်သုံးယောက်ကနေ တစ်ရာနှစ်ရာ ဆိုလို့ရှိရင်တော့ နားတောင်မခံနိုင်တော့ဘူး။ သုံးရာလေးရာဆိုရင် ပိုဆိုးလို့လာပါပြီ။

လူ့ဘောင်ဘဝ လူ့လောကမှာနေရတယ် ဆိုတာ ဒီသဘောအတိုင်းပါပဲ။လောကထဲမှာတစ်ယောက်တည်းနေလို့

www.dhammadowload.com

မဖြစ်ဘူး။ အပေါင်း အသင်းတွေနဲ့ နေကြရတယ်။ သားတွေ သမီးတွေ၊ ခင်ပွန်း ဇနီးမယားတွေနဲ့ နေကြရပါတယ်။ ဆွေမျိုး သားချင်းတွေနဲ့ နေကြရတယ်။ အဲဒီတော့ တစ်ယောက်တည်း နေရတုန်းက ကိစ္စမရှိသေးဘူး။ တစ်ယောက်ကနေ နှစ်ယောက်၊ နှစ်ယောက်ကနေ သုံးယောက်၊ ခင်ပွန်းဇနီးဖြစ်လာပြီ၊ သားတွေ သမီးတွေဖြစ်လာပြီ၊ ဆွေမျိုးသားချင်းတွေများလာပြီလို့အသိုက် အဝန်းနဲ့ဖြစ်လာချိန်မှာ အသံမျိုးစုံကြားရပါတော့မယ်။ ကောင်း တဲ့အသံလည်းပါမယ်။ မကောင်းတဲ့ အသံလည်းပဲ ပါလိမ့်မယ်။

အဲဒီအသံတွေကိုကြားပြီးတော့ လောဘတွေလည်း ဖြစ်လိမ့်မယ်။ ဒေါသတွေလည်း ဖြစ်လိမ့်မယ်။ ဒီအသံတွေ ကြောင့် မောဟတရားတွေလည်းပဲ ဝင်ရောက်လာပါလိမ့်မယ်။ သဘောကျတဲ့အသံကိုတော့ သာယာတပ်မက်နှစ်သက်ပြီး လောဘဖြစ်ပါ တယ်။ သဘောမကျတဲ့ စကားသံများကြားရ ချိန်မှာ ဒေါသဖြစ်ပါတယ်။ လောဘမဖြစ်ဘူး၊ ဒေါသလည်း မဖြစ်ဘူးဆိုရင်တောင် ဒီအသံတွေကြောင့် မောဟဖြစ် ပါတယ်။

တရားနာယူတာကလွဲရင် အသံကြောင့် ကုသိုလ် ဖြစ်ဖို့ဆိုတာက ခဲခဲယဉ်းယဉ်းပါ။ ဒါကို သဘောပေါက်နားလည် သွားတော့နဂ္ဂဇိမင်းကြီးက "ငါ့မှာလက်ကောက်တစ်ကွင်းကနေ နှစ်ကွင်းများလာသလို ငါ့မှာ ပိုင်ဆိုင်မှုတွေက အင်မတန် မှ များတယ်၊ ဥစ္စာပစ္စည်းတွေ၊ မိဖုရားတွေ၊ တန်ခိုး အာဏာတွေ၊ ခြွေရံသင်းပင်းတွေ များစွာရှိနေတယ်။

www.dhammadowload.com

"ဒါတွေကြောင့် အသံတွေမြည်လာမယ်ဆိုရင် ငါသည် ဒုက္ခရောက်တော့မှာပဲ၊ လောဘတွေဒေါသတွေမောဟတွေနှင့် ဒီအတိုင်းသာနေရင် ငါသည် ဆင်းရဲဒုက္ခ တွေ့တော့မှာပဲ" လို့ သံဝေဂဝင်လာတော့ နဂ္ဂဇိမင်းကြီး တောထွက်သွားပါတယ်။

ကာမဂုဏ်အာရုံတွေ အားလုံး ပယ်စွန့် တောထွက်ပြီး တရားဓမ္မကျင့်လိုက်တော့ ပစ္စေကဗုဒ္ဓ ဖြစ်သွားပါတယ်။ သနပ်ခါးသွေးနေတာလေး ကြည့်ပြီး တရားမြင်သွားပါတယ်။

အမျိုးသမီးငယ်တွေ သွေးလိုက်တဲ့ သနပ်ခါး၊ နေ့တိုင်း နေ့တိုင်း သွေးပါတယ်။ ဒါပေမဲ့ ဒီသဘောမမြင်လို့ တရားမရပါဘူး။ လက်ကောက်ကလည်းတချွင်ချွင်နဲ့နေ့တိုင်းမြည်ပါတယ်။ ဒါလည်းပဲ တရားမရကြပါဘူး။

နေ့တိုင်းနေ့တိုင်း ဒီလိုအသံတွေ ကြားနေပေမဲ့ ဒါတွေဟာ တရားရစရာပဲလို့ မမြင်တတ်တဲ့အတွက်ကြောင့်တရား မဖြစ်တာပါ။ မြင်တတ်တဲ့ နဂ္ဂဇိမင်းကြီးကတော့ ပစ္စေကဗုဒ္ဓ ဖြစ်သွားပါတယ်။

www.dhammadowload.com

အဖျော်ခံရတဲ့ နွား

ဥတ္တရတိုင်း ပဉ္စာလပြည်ကို အစိုးရတဲ့ ဒုမုခ မင်းကြီးဟာ တစ်နေ့မှာ လေသာပြတင်းပေါက်ကနေ ပတ်ဝန်းကျင်ကို လှမ်းမျှော်ပြီးတော့ ကြည့်ပါတယ်။

နန်းတော်ရဲ့ လေသာတံခါးပေါက်ကနေ ပတ်ဝန်းကျင် နန်းတော်တစ်ဝိုက် လှည့်ပတ်ပြီး ကြည့်လိုက်ချိန်မှာ မနက်စောစော နွားခြံထဲကနေ ထွက်လာတဲ့ နွားအုပ်ကြီးကို တွေ့လိုက်ပါတယ်။ စားကျက်ဆီသွားကြတဲ့ နွားအုပ်ကြီးထဲမှာ ဗိုလ်ဖြစ်တဲ့ ခေါင်းဆောင်နွားလားကြီးက တပ်မက်စိတ် ကိလေသာကြောင့် ရှေ့ကသွားနေတဲ့ နွားမ တစ်ကောင်နောက်ကို အတင်းတရကြမ်း လိုက်ပါ တယ်။ မ,စိတ်မွှန်လို့ ဘာမျှမမြင်တော့ဘဲ နောက်က တကောက်ကောက် လိုက်နေချိန်မှာ သတိလက်လွတ် ဖြစ်နေတော့ ငြိုးသူရန်ဘက်ဖြစ်တဲ့ နွားတစ်ကောင်က အလစ်မှာ

www.dhammadowload.com

ချိုနဲ့ထိုးဖော့လိုက်တာ ဗိုက်ပွင့်ပြီး အူတွေအခွေလိုက်ထွက်လာလို့ လဲကျသေဆုံးသွားတာကို မြင်လိုက်ပါတယ်။

ဘာကြောင့် သူဒီလိုဖြစ်ရတာလဲ ဆိုလို့ရှိရင် သတိလက်လွတ်ဖြစ်သွားလို့ပါ။ ခါတိုင်းခါတိုင်း ဆိုရင် ဒီနွားအုပ်ထဲမှာ ဘယ်သူမျှ သူ့ကိုမယှဉ်နိုင်ဘူး။ မဖော့နိုင်ဘူး။ အခုကျတော့ ကိလေသာကြောင့် သေရပါပြီ။

ကိလေသာစိတ်တွေနဲ့ မွှန်နေချိန်မှာ ကိလေသာတရားတွေ လွှမ်းမိုးဖိစီးနှိပ်စက်နေချိန်မှာ သူဟာ ရန်သူကို မမြင်နိုင်တော့ပါဘူး။ ရန်မူတာကိုလည်း မတွေ့နိုင်တော့ပါဘူး။ ဒါကြောင့် တိုက်ခိုက်ခံရပြီး အူတွေအခွေလိုက်ထွက်ကျသေဆုံးရတာလို့မြင်တော့ သံဝေဂဖြစ်ပါတယ်။

ချစ်ခင်နှစ်သက်တဲ့ ကိလေသာကြောင့် ဒုက္ခ ရောက်ပါတယ်။ ကိလေသာက ပညာမျက်စိကို ကန်းအောင်ပြုလိုက်ပါတယ်။ ရန်သူမိတ်ဆွေ ခွဲခြားပြီးတော့ မမြင်တော့ဘူး။ အန္တရာယ်ပြုမှာကိုလည်း မသိတော့ပါဘူး။ အဲဒီအဖြစ်အပျက်ကို ပြတင်းပေါက်ကနေမြင်လိုက်ရတဲ့ ဒုမှုခမင်းကြီး သံဝေဂဝင်သွားပါတယ်။

လောကထဲကြည့်မယ်ဆိုရင်လည်း မြောက်မြားစွာသောသူတို့မှာ ကိလေသာတရားတွေကြောင့် ဆင်းရဲဒုက္ခရောက်နေကြတာကို အထင်အရှားတွေ့ကြရမှာပါ။ ကိလေသာမကင်းသူမှန်သမျှ ဒုက္ခပေါင်းစုံနှင့် တွေ့ကြုံပြီးတော့ နေရပါတယ်။ ကိလေသာရှိတဲ့သူမှန်သမျှမှာ ဒုက္ခတွေကိုဒုက္ခတွေလို့

www.dhammadowload.com

မမြင်ကြဘဲ၊ ဒုက္ခတွေကို သုခလို့ ထင်မြင်ပြီး ကိလေသာတိုးပွားအောင် ကြိုးစားနေကြပါတယ်။ နေ့စဉ်နေ့တိုင်းမှာ ဒုက္ခဆင်းရဲတွေကို ခံစားနေရတာဟာ ကိလေသာကို မပယ်နိုင်လို့ပါ။

လူတိုင်းလိုလိုကြားဖူးမြင်ဖူးကြမှာပါ။ ချစ်ခင်နှစ်သက်တဲ့ သံယောဇဉ်ကြောင့်သတ်တာဖြတ်တာခံရတဲ့သူတွေ၊ ချုပ်နှောင်ခံရတာတွေ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေပါတယ်။ နေပူမရှောင်၊ မိုးရွာမရှောင် ဒုက္ခပေါင်းစုံနဲ့ ရှာဖွေ စားသောက်နေရတာတွေလည်း တွေ့ကြုံရပါတယ်။ ကိုယ်တိုင် ကြုံရပေမဲ့လို့ ကိုယ်ကိုယ်တိုင် သံဝေဂတရား မဖြစ်ရင် တရား မမြင်ပါဘူး။

ဦးခေါင်းပေါ်က ကျွတ်ကျသွားတဲ့ ဆံပင် ဘယ်သူမျှ ချစ်ချစ်ခင်ခင်နဲ့ သိမ်းမထားဘူး၊ ယူမထားပါဘူး။ အဲဒီဆံပင်ကို လွှင့်လိုက်သလို ပစ်လိုက်သလို ဒုမှုခမင်းကြီးကလည်း သူပိုင်ဆိုင်တဲ့ နန်းတော်ကြီးကို စွန့်ခွာပြီးတော့ တောထဲဝင်ကြွသွားပါတယ်။

တရားမမြင်သေးတဲ့သူတွေမှာ ချစ်ခင်နှစ်သက်တတ်တဲ့ ကိလေသာတွေလည်း ရှိနေကြပါတယ်။ ချစ်စရာ ခင်စရာ နှစ်သက်စရာ သံယောဇဉ်တွယ်စရာတွေလည်းပဲ ပတ်ဝန်းကျင်မှာ များစွာရှိနေ ကြပါတယ်။

ပိုင်ဆိုင်မှုများလေလေ သံယောဇဉ် များလေ လေပါပဲ၊ သာမန်လူနဲ့စာရင် တိုင်းရှင်ပြည့်ရှင် ဘုရင်ကြီးတွေမှာ ပိုင်ဆိုင်မှုများတော့ ပိုပြီးတော့ တပ်မက်စရာ ဆွဲဆောင်မှုအားကောင်းတော့ သံယောဇဉ်တွေ ပိုပြီးတော့ များနေလိမ့်မယ်။

www.dhammadowload.com

"ငါ့မှာ ထီးနန်းစည်းစိမ်တွေလည်းပဲ ရှိနေတယ်၊ မိဖုရားတွေလည်းပဲ ရှိနေတယ်၊ သားတော် သမီးတော်တွေလည်းပဲ ရှိနေတယ်၊ ရာထူးအာဏာတွေလည်းပဲ ရှိနေတယ်၊ ဒါတွေအားလုံးဟာ ကိလေသာတရားတွေကို ဖြစ်ပေါ်စေတယ်၊ ကိလေသာတွေနဲ့သာ နေမယ်ဆိုရင် ခုနက နွားလားဥသဘလို တစ်ချိန်ချိန်မှာ သူများသတ်တာကို ငါလည်းခံချင်ခံရမယ်၊ မခံရရင်တောင်မှ ဒီကိလေသာနဲ့ သေမယ်ဆိုရင် ငါသည် ကျိန်းသေ ဇကန် အပါယ်ကို သွားလိမ့်မယ်" လို့ တွေးတောသိမြင်သွားတဲ့ ဒုမုခမင်းဟာ တောဝင်ပြီးတော့ တရားဓမ္မကျင့်တဲ့အခါ ပစ္စေကဗုဒ္ဓါဖြစ်သွားပါတယ်။

www.dhammadowload.com

သားတစ်ချီလာတဲ့ ခွန်

မိတ္ထီလာတိုင်းကို အစိုးရတဲ့ နိမိမင်းကြီးကလည်း တစ်နေ့မှာ လေသာပြတင်းပေါက်ဖွင့်ပြီး တော့ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ပါတယ်။ ဒီအချိန်မှာပဲကောင်းကင်ယံမှာအသားတုံးတစ်တုံးကို ကိုက်ချီလာတဲ့ စွန်ရဲတစ်ကောင်ကို တွေ့လိုက်ပါ တယ်။ စွန်ရဲက သားတုံး သားတစ်ကိုရဖို့ ခက်ခက်ခဲခဲရှာခဲ့ရတာပါ။ အသားတုံး အသားတစ်ရအောင် လူ့ပတ်ဝန်းကျင်မှာ သက်စွန့်ဆံဖျား ရှာခဲ့လို့ ရလာတာပါ။ အိုးတွေအိမ်တွေကြား၊ ဈေးတွေ ကျောင်းတွေကြားထဲကနေ သူရှာလို့ရလာခဲ့တာပါ။

အဲဒီလိုရှာဖွေနေစဉ်ကာလမှာလည်းဒီစွန်ရဲမှာဒုက္ခတွေရောက်ပါလိမ့်မယ်။ လိုချင်လို့ဆိုပြီး ရှာရကတည်းကိုက ဒုက္ခတစ်မျိုးပါ။ လိုချင်တဲ့အတိုင်း ရလာပြီး အသားတုံးကြီးရလာ

www.dhammadowload.com

ပြီဆိုပြီး ဝမ်းသာအားရ နဲ့ စွန်ရဲသည် ကိုက်ချီပြီးတော့ လာခဲ့တာပါ။ အဲဒီအချိန်မှာ သားတစ်ချီလာတဲ့ စွန်ရဲနောက်ကို များစွာသောစွန်ရဲတွေ ကောက်ကောက်ပါအောင်လိုက်လာကြပါတယ်။ အသားတုံး အသားတစ်ကို လိုချင်တဲ့စွန်ရဲတွေ၊ ရချင်ကြတဲ့ စွန်ရဲတွေ လိုက်လာကြပါပြီ။မီလာတယ်ဆိုရင်ပဲ နိမိမင်းကြီးရဲ့မျက်စိ အောက်မှာတင် ဝိုင်းအုံထိုးဆိတ်ကြပါတယ်။

အသားတစ်ကိုချီလာတဲ့ စွန်ရဲကို နှုတ်သီးနဲ့လည်း ပေါက်ကြပါတယ်။ ခြေထောက်နဲ့လည်း ကန်ကြပါတယ်။ တောင်ပံနဲ့လည်းပဲ ရိုက်ကြပါ တယ်။ ကိုယ်လုံးနဲ့လည်းပဲ တိုက်ကြပါတယ်။ စွန်ရဲဟာ သားတစ်ကို ပိုင်ဆိုင်နေသေးသမျှ သူ့မှာ တိုက်ခိုက်တာကို ခံရပါတယ်။ လုယက်တာလည်း ခံရတယ်။ထိုးဆွတာလည်းခံရပါတယ်။အမွေးတွေလည်းကျွတ်၊ အတောင်တွေလည်းကျွတ်လို့၊ သွေးတွေသံတွေလည်းပဲ ထွက်လို့ဆင်းရဲဒုက္ခရောက်ချိန်မှာဒီဒုက္ခတွေကိုမခံနိုင်တော့တဲ့ အဆုံး ချီလာတဲ့အသားတုံးကို လွှတ်ချလိုက်ပါတော့တယ်။

အသားတုံးကိုမလွှတ်မချင်းဒုက္ခရောက်မှာလို့သိမြင်တဲ့ စွန်ရဲသည်နှုတ်သီးကနေကိုက်ချီလာတဲ့အသားတုံးကိုစွန့်လိုက်ပါတယ်။ သူစွန့်လွှတ်လိုက်တော့နောက်တစ်ကောင်က ချီသွားပြန်ပါတယ်။ မြေပေါ်မကျခင် ထိုးသုတ်သွားပါတယ်။ ရသွားတဲ့ စွန်ရဲနောက်ကိုလည်းပဲနောက်ကစွန်ရဲအုပ်ကြီးကဝိုင်းလိုက်ကြ ဝိုင်းပြီးတော့ ထိုးကြ ဆိတ်ကြ ဆွကြ ပြန်ပါတယ်။ အဲဒီတော့ သူကလည်း မခံနိုင်တော့ဘူး။ လွှတ်ချလိုက်ရပါတယ်။

www.dhammadowload.com

နောက်တစ်ကောင်က သုတ်ယူသွားပြန်ပါတယ်။ ရသွားတဲ့ စွန်ရဲနောက်ကို လည်း စွန်ရဲအုပ်ကြီးက ဝိုင်းလိုက်ကြပြန်ပါတယ်။ ထိုးကြ ဆိတ်ကြပြန် ပါတယ်။ ဒီလိုဖြစ်နေတာကို မြင်တဲ့ချိန်ခါမှာ နိမိမင်းကြီးဟာ ဖြန့်ခွဲတွေးပြီး သံဝေဂဖြစ်သွားပါတယ်။

အသားတုံးအသားတစ်ဆိုတာ လူတိုင်း ကြိုက်တဲ့ ကာမဂုဏ်တရားနဲ့ တူပါတယ်။ လူမှန်သမျှ လိုလားနှစ်ခြိုက်စွာ သုံးဆောင်ခံစားနေကြတဲ့ ကာမဂုဏ်ပစ္စည်းဝတ္ထုအစုစု အိုးတွေ အိမ်တွေ တိုက်တာတွေ ရွှေတွေ ငွေတွေကိုကိုယ်လည်း လိုချင်တယ်။ သူလည်းပဲ လိုချင်တယ်။ လူတိုင်းလူတိုင်းက လိုချင်ကြတော့ ရထားတဲ့သူ ပိုင်ဆိုင်ထားတဲ့သူမှာ စိတ်အေးချမ်းသာ မနေရတော့ပါဘူး။

"သူ့ပစ္စည်းတွေ ဘယ်တော့ဆုံးရှုံးသွားမှာလဲ၊ ဘယ်သူတွေက လုယူသွားမှာလဲ၊ ဘယ်သူတွေက ခိုးယူသွားမှာလဲ၊ ဘယ်နည်းဘယ်ပုံနဲ့ သူများ လက်ထဲ ရောက်သွားမှာလဲ" လို့ ကြောက်လန့်နေရပါတယ်။ စိုးရိမ်နေရပါတယ်။

ရှာရတုန်းကလည်း တစ်ဒုက္ခ၊ ထိန်းသိမ်းထား ရတာလည်း တစ်ဒုက္ခ။ ထိန်းသိမ်းထားရင်းနဲ့ပဲ ဒီပစ္စည်းဥစ္စာတွေက မပျက်တော့ဘူးလားဆိုတော့ မနေပါဘူး။ ပျက်စီးတတ်ပါတယ်။ တစ်ချိန်ချိန်မှာ သူများလက်ကို ပါသွားတတ်ပါတယ်။ ကိုယ့်ပစ္စည်း ကိုယ့်ဥစ္စာလို့ သိမ်းပိုက်ထားပေမဲ့ စိန်တွေ ရွှေတွေလည်း လက်ပြောင်းသွားတာပါပဲ။ သူများလက်ကနေ ကိုယ့်လက်ထဲ

www.dhammadowload.com

ရောက်သလို ခေတ္တခဏ ကိုယ့်ဆီမှာနေပြီးတော့ တစ်ခါ သူများဆီပြန်ရောက်သွားပါတယ်။

တစ်သက်တာကာလလုံး ကိုယ်ပိုင်ဆိုင်နေပါတယ် ဆိုရင်တောင်မှ ကိုယ့်လက်ထဲမှာနေမယ့် ပစ္စည်းဥစ္စာသည် နှစ်ပေါင်း ခုနစ်ဆယ်, ရှစ်ဆယ်ထက် ပိုပြီးတော့ မနေပါဘူး။ ကိုယ်သေရင် သူများ လက်ကို ရောက်သွားပါတယ်။

ကာမဂုဏ်တရားတွေကို ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခတွေများပါတယ်။ ကာမဂုဏ်တွေကို စွန့်ပယ်မှသာလျှင် ချမ်းသာပါလိမ့်မယ်။ ချမ်းသာ ချင်ရင် ကာမဂုဏ်တွေကို စွန့်ပစ်ရမယ်၊ ပယ်ပစ်ရမယ်၊ သိမ်းပိုက်ဆုပ်ကိုင်ထားမှုတွေကို ဖြေလွှတ်ရပါမယ်။ စောစောက စွန်ရဲကို ကြည့်လိုက်ပါ။ အသားတုံး အသားတစ်ကို ပိုင်ဆိုင်ထားချိန်မှာ ထိုးဆွခံရပါတယ်။ ရိုက်ပုတ်တာ ခံရတယ်။ နှိပ်စက်တာကို ခံရပါတယ်။ လွှတ်ချလိုက်တဲ့အချိန်မှာ အသားတုံးကို စွန့်ပစ်လိုက်တဲ့အချိန်မှာ ချမ်းသာသွားပါတယ်။ စွန့်နိုင်မှ ချမ်းသာပါမယ်။

"ငါလည်းပဲ ဥစ္စာပစ္စည်းတွေ ဒီလောက် အမြောက်အမြားပိုင်ဆိုင်နေမှတော့ တစ်ချိန်ချိန်မှာ ဆင်းရဲရမှာပဲ၊ ငါလည်း စွန့်မှသာ ချမ်းသာမယ်၊ စွန့်မှသာလျှင် သက်သာမယ်၊ ထီးနန်းဥစ္စာနှင့်တကွ ကာမဂုဏ်ပစ္စည်း အားလုံးကို ငါ စွန့်လွှတ်တော့မယ်" လို့နိမိမင်းကြီးဟာထီးနန်းကိုစွန့်တိုင်းပြည်ကိုစွန့်လိုက်ပြီး တရားဓမ္မကျင့်ကြံလိုက်တော့နိမိမင်းကြီးလည်း ပစ္စေကဗုဒ္ဓ ဖြစ်သွားပါတယ်။

www.dhammadowload.com

ထိုအရှင်မြတ်တို့ရဲ့ အဖြစ်အပျက် ဘဝ ဇာတ်လမ်းတွေကို ကြည့်မယ်ဆိုရင် ဉာဏ်နဲ့ယှဉ်ပြီး ကြည့်တတ် မြင်တတ်ကြတယ်လို့ ပြောရမှာပါ။

ဒီလိုအဖြစ်အပျက်မျိုးတွေ အခြေအနေမျိုးတွေ နေ့စဉ်နေ့တိုင်း ကြားနေကြပါတယ်။ သိနေကြပါတယ်။ မြင်တွေ့နေကြပါတယ်။ ဘယ်ဥစ္စာ ဘယ်ပစ္စည်း ဘယ်သူက ပိုင်ဆိုင်ထားတော့ ဘယ်သူက လုယူသွားပြန်ပြီ။ လုယက်လို့ မရလို့သတ်ဖြတ် သွားပြန်ပြီဆိုတဲ့ သတင်းတွေလည်း နားနှင့်မဆံ့အောင်ကြားနေရပါတယ်။ မြင်နေကြရပါတယ်။ ကာမဂုဏ်ဥစ္စာတို့မည်သည်မှာ ဒုက္ခတွေကိုသာ ပေးတယ်လို့ နားလည်သဘောပေါက်သွားတဲ့ မင်းမြတ်လေးပါးဟာ တရားဓမ္မ ကျင့်ကြံတော့ပစ္စေကဗုဒ္ဓတွေ ဖြစ်သွားကြပါတယ်။

www.dhammadowload.com

ခန္ဓာကပြတဲ့တရား

အမှတ်တမဲ့ မနေဘဲ အရာရာကို တရား သဘောနဲ့ ဆင်ခြင်ပြီးတော့ သုံးသပ်လိုက်ရင် ခန္ဓာထဲက ဖြစ်စဉ်တွေက လည်းပဲ တရားရစရာ ကောင်းတာပါပဲ။

ကြည့်တတ်မြင်တတ်တဲ့သူကို ခန္ဓာကိုယ်ကြီးဟာ အမြဲ တမ်း တရားပြပေးနေပါတယ်။ ခန္ဓာရိပ်သာဟာ အမြဲတမ်း ဖွင့်ထားတဲ့ တရားရိပ်သာပါ။ ဘယ်သူမှ မအိုချင်ကြပါဘူး။ နုနု ပျို့ပျို့ လှလှပပပဲ နေချင်ကြပါတယ်။ တစ်သက်လုံး ငယ်မူမပျက် အရွယ်တင်ပြီး နုပျိုချင်ကြတယ်။ ဒါပေမဲ့ နေလို့မရပါဘူး ဆိုတာကို ခန္ဓာကိုယ်ကြီးက တရားပြနေပါတယ်။

တစ်စတစ်စ တဖြည်းဖြည်းနဲ့ အိုတဲ့ဘက်ကို ရောက်လာ တယ်။ မွေးဖွားတဲ့အချိန်ကာလကစပြီး နေ့တိုင်းနေ့တိုင်းကို အိုတဲ့ဘက်ကိုသာ တရွေ့ရွေ့ တိုးဝင်နေတာ ကိုယ်က သတိ

www.dhammadowload.com

မထားမိလို့ပါ။ ခန္ဓာကိုယ်ကြီးက အိုခြင်းတရားကို ပြနေပါတယ်။ မျက်စိတွေလည်း မှုန်ကုန်ပြီ၊ နားတွေလည်း မကောင်းတော့ဘူး၊ ဆံပင်တွေလည်း ဖြူလာပြီ၊ သွားရလာရတာလည်း ခါတိုင်းလို မသွက်တော့ဘူး၊ ခွန်အားတွေလည်း နည်းလာပြီလို့ အိုခြင်းတရားကို အနီးကပ်ပြီး ခန္ဓာက ပြနေတာပါ။

ဒါပေမဲ့ မမြင်ကြဘူး။ ကိုယ့်ကိုယ်ကိုယ် အိုတယ်လို့တောင် မထင်ကြပါဘူး။ နေ့တိုင်းနေ့တိုင်း မှန်ကြည့်ပေမဲ့ငါ မအိုသေးပါဘူး အားပေးရင်း ကိုယ့်ကိုယ်ကိုယ် လိမ်နေကြပါတယ်။ ဖြီးလိမ်းပြင်ဆင်ပြီး သူများလည်းပဲ လိမ်နေကြပါတယ်။ အမျိုးမျိုး ပြုပြင် ဖြီးလိမ်း တန်ဆာဆင်ပြီး နပျိုအောင် ကြိုးစားနေကြပါတယ်။

ဒါပေမဲ့ အိုခြင်းတရားကို အန်တုနေလို့ မရပါဘူး။ ဆံပင်ဖြူတွေကပြလာပါတယ်၊ မျက်နှာပေါ်ကအရေးအကြောင်းတွေက တွန့်ပြလာပါတယ်။ ဇရာတရားကို တစ်နေ့ထက်တစ်နေ့ ပိုပိုပြီးတော့ ထင်ရှားအောင်ခန္ဓာက ပြပါတယ်။ အဲဒါကို ကြည့်မြင်တတ်တဲ့သူကငါ့မှာ အိုခြင်းတရားပဲ ရှိပါလား။ ခန္ဓာကိုယ်ကြီးဟာ ငါ့အလိုကိုမလိုက်ပါလား။ ငါဟာ မအိုချင်ဘဲ အိုရတာပါလားလို့ သိလာပါတယ်။

ကြည့်မြင်တတ်သူအတွက် ခန္ဓာကိုယ်ကြီးဟာ နာခြင်းတရားတွေ ရှိနေတယ်လို့ ပြနေပါတယ်။ မနာချင်ဘဲနဲ့ နာကြရတယ်။ အနာရောဂါပေါင်းစုံ ခန္ဓာထဲက ထွက်ပေါ်လာတယ်။ အနာရောဂါကင်းကင်းနှင့် ကျန်းကျန်းမာမာ နေချင်ကြပေမဲ့

www.dhammadowload.com

နေလို့မရပါဘူး။ မနာချင်ပါဘူး၊ အနာရောဂါတွေကို မလိုချင်ပါဘူး၊ ကြောက်ပါတယ်ပြောနေရင်းနဲ့ပဲ ခန္ဓာကိုယ်ထဲက ဒီအနာရောဂါတွေ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာပါတယ်။

တရားရအောင်တခြားသွားကြည့်စရာမလိုပါဘူး။ ပတ်ဝန်းကျင်မှာတောင် တရားလိုက်ရှာနေစရာ မလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ကြည့်လိုက်ရင်တောင် တရားရစရာကောင်းပါတယ်။ ဘာတစ်ခုမျှ မကောင်းပါလား။ တစ်မျိုးပြီးတစ်မျိုး နှိပ်စက်နေတဲ့ ခန္ဓာကိုယ်ကြီးပါလား။ ကိုယ်အင်္ဂါအစိတ်အပိုင်းရှိသမျှ အနာရောဂါက ဝင်ရောက်လာပါလား။ အနာရောဂါတွေဟာ တခြားက လာတာမဟုတ်၊ ခန္ဓာက ဖြစ်လာတာပါလား" လို့ သိမြင်ရပါမယ်။

ဒီခန္ဓာကြီးဟာ ချစ်ခင်နှစ်သက်စရာ မကောင်းဘူး၊ ခင်မင်တွယ်တာစရာ မကောင်းဘူး၊ သာယာ တပ်မက်စရာ မကောင်းဘူးလို့ ခန္ဓာကြီးကပြတဲ့ တရားကို နားမလည်လို့ တရားမရကြသေးတာပါ။ မမြင်လို့ တရားမရနိုင် ဖြစ်နေကြတာပါ။ အနာရောဂါ ဖြစ်လာပြီဆိုရင် ဆင်ခြင်ရပါမယ်။ "ဒါ တရားပြနေတာပဲ၊ ခန္ဓာကြီးက တရားအားထုတ်ဖို့ သတိပေးနေတာပဲ၊ တရားရှာဖို့ တိုက်တွန်းတာပဲ" လို့ သဘောပေါက်ကြရပါမယ်။

ခန္ဓာကိုယ်ကြီးဟာ ကိုယ့်စိတ်တိုင်းကျ ဘယ်တော့မှ မဖြစ်ပါဘူး။ ဘယ်သူမျှ မသေချင်ကြပေမဲ့ ထာဝစဉ် အသက်ရှင်နေလို့ မရပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သေရပါတယ်။

www.dhammadowload.com

အသက်ကြီးတဲ့သူ၊ ငယ်တဲ့သူတွေ၊ ရွယ်တူတွေ ကိုယ့်ရှေ့မှာ တဖြုတ်ဖြုတ်နဲ့ သေသွားကြတယ်။ သူများသေခြင်းကို ကိုယ်မြင်ရတယ်။ ကိုယ်လည်းပဲ သူတို့လို သေရပါဦးမယ်။ ခန္ဓာကြီးဟာ သေရမယ့် ခန္ဓာပါ။

ဒီဘဝမှာ ပျော်လို့ပါ၊ နေပါရစေလို့ ပြောလို့မရ ပါဘူး။ နေပါဦး၊ နေပါဦးလို့တောင်းပန်လို့မရပါဘူး။ ကိုယ့်စိတ်တိုင်းကျ မဖြစ်တဲ့ ခန္ဓာပါ။ ကိုယ့်ကိုယ်ကိုယ်ပိုင်တယ်လို့ ပြောပေမဲ့ ဘုန်းကြီးတို့ ပရိသတ် တကယ်တမ်း မပိုင်တဲ့ခန္ဓာပါ။ မအိုချင်လို့လည်းမရဘူး။ မနာချင်လည်းမရဘူး။ မသေချင်လည်းမရဘူး။ ဘာတစ်ခုမျှ ကိုယ့်အလိုကို မလိုက်ပါဘူး။ သူ့စိတ်တိုင်းကျသာ သူဖြစ်နေတဲ့ ခန္ဓာပါ။

ကိုယ်ကဘယ်လောက် အရေးတယူနဲ့ ပြုပြင်ပေးပေး၊ ထိန်းသိမ်းပေးပေး၊ တယုတယနဲ့ စောင့်ရှောက်ပြီးတော့နေနေ ဒီခန္ဓာကိုယ်ကြီးက ဘာတစ်ခုမျှ ကောင်းကျိုးမပေးပါဘူး။ ဘယ်တော့မျှကောင်းကျိုးမပေးပါဘူး။ အိုတဲ့ဒုက္ခတွေပေးတယ်။ နာတဲ့ဒုက္ခတွေ ပေးတယ်။ သေတဲ့ဒုက္ခတွေကို ပေးပါတယ်။ အနီးကပ်ဒုက္ခပေးတာ ခန္ဓာပါ။

ကိုယ်က ဒုက္ခပေးမယ့်သူတွေကို လိုက်ကြည့်နေတယ်။ "ဘာဖြစ်ရင်တော့ဖြင့် ငါဒုက္ခရောက်မှာပဲ၊ ဘယ်သွားရင် တော့ဖြင့် ဒုက္ခဖြစ်မှာပဲ၊ ဘယ်လိုဆိုရင် တော့ဖြင့် ငါဆင်းရဲမှာပဲ" လို့တွေးနေတယ်။ တကယ်ကြည့်လိုက်ရင်ဒုက္ခဟာကိုယ့်အနား မှာပါ။ ကိုယ်နဲ့အတူ ရှိနေတာပါ။

www.dhammadowload.com

အိုနာသေဒုက္ခတွေဟာဒီခန္ဓာထဲမှာရှိနေတာပါ။ဒီဆင်းရဲဒုက္ခတွေကို သိမြင်တဲ့ပုဂ္ဂိုလ်တွေမှသာ သံဝေဂ ဝင်ပါတယ်။ တရားရကြပါတယ်။

သံဝေဂဆိုတာဒုက္ခကိုမြင်လို့ဒုက္ခကိုကြောက်တဲ့စိတ်ပါ။ ဒုက္ခဆင်းရဲတွေကိုဉာဏ်နဲ့ယှဉ်ပြီးတော့ကြောက်လန့်တာမျိုးကို သံဝေဂဉာဏ် လို့ ခေါ်ပါတယ်။

တရားဓမ္မ အားထုတ်ကြပေမဲ့ သံဝေဂဉာဏ် မပါဘဲနဲ့ အားထုတ်နေရင် တရားနဲ့ဝေးနေပါလိမ့် မယ်။ သံဝေဂဉာဏ်နဲ့ကြည့်ပြီးဒုက္ခပေးတဲ့ခန္ဓာ၊အိုတဲ့ခန္ဓာ၊နာတဲ့ခန္ဓာ၊သေတဲ့ခန္ဓာလို့ မြင်နေမှ တရားရပါမယ်။

ခန္ဓာကိုယ်ကြီးဟာကုန်ခန်းပျက်စီးခြင်းသဘောသာရှိတဲ့ ခန္ဓာပါ။နဂိုမူလတုန်းကငယ်စဉ်ကာလမှာရှိနေတဲ့အင်အားတွေ အခုချိန်မှာ ကုန်လာပါပြီ။ တစစနဲ့ အသိဉာဏ်ပညာတွေ တဖြည်းဖြည်းနှင့် နေးကွေးလာပါပြီ။

အကြားအမြင် အထိအတွေ့အာရုံတွေလည်း တဖြည်းဖြည်းနဲ့ဆုတ်ယုတ်လာနေပါပြီ။အပျက်ဆီကိုဦးတည်နေတာပါ။ ပျက်တော့မယ်လို့ ပြနေတာပါ။ ဒီခန္ဓာကြီးနဲ့ တစ်ရက်လည်း မဟုတ်ဘူး၊တစ်လလည်းမဟုတ်ဘူး၊တစ်နှစ်လည်းမဟုတ်ဘူး၊ နှစ်ပေါင်းများစွာ အတူနေလာကြတာပါ။

ဒါတောင်မှ ခန္ဓာကြီးပြတဲ့ တရားကို မမြင်ကြတာ မကြည့်ကြလို့ပါ။

နေ့စဉ်နေ့တိုင်း စားသောက်နေတာ ဝတ်ဆင်နေတာ ရေမိုးချိုးပြီး သုတ်သင်နေရတာ ဒီခန္ဓာကြီး မအိုအောင် မနာအောင် မသေအောင် မပျက်စီးအောင် ဆိုပြီးတော့ ထိန်းသိမ်း

www.dhammadowload.com

စောင့်ရှောက်နေတာပါ။ ဒါပေမဲ့ မရပါဘူး။ သူ့အချိန်ကျရင် သူ့လမ်းကြောင်းအတိုင်းသာ သွားမယ့်ခန္ဓာပါ။

အချိန်ကာလတစ်ခုအတွင်းမှာနောက်ဆုံးပျက်စီးသွားရမယ့်ခန္ဓာဆိုတော့ခန္ဓာကြီးထဲမှာအကောင်းဘာတစ်ခုမျှမရှိဘူး၊ အပျက်တွေသာ ရှိတယ်၊ ချမ်းသာ မရှိဘူး၊ ဆင်းရဲဒုက္ခတွေသာ ရှိတယ်လို့ ဉာဏ်နဲ့ကြည့်တတ်တဲ့ ပုဂ္ဂိုလ်အတွက် တရားရဖို့ မခက်ပါဘူး။

တရားမမြင်ကြတဲ့သူတွေကတော့ဒီခန္ဓာကြီးအကြောင်းပြုပြီး ခန္ဓာကြီးအတွက်နဲ့ လောဘတွေ ထွက်၊ ဒေါသတွေဖြစ်၊ မောဟတွေဖုံးလွှမ်းပြီး အကုသိုလ်တွေသာ တိုးပွားလာကြပါတယ်။ ကိုယ့်ကိုယ်ကိုယ်ချမ်းသာရာချမ်းသာကြောင်းရှာရင်းဖွေရင်းနဲ့ပဲ ဒုက္ခရောက်ကြောင်းတွေကိုပြုပြီး လောဘ၊ ဒေါသ၊ မောဟတွေနဲ့ နေကြမယ်ဆိုရင် တရားနဲ့ဝေးသွားပါမယ်။

ဒါကြောင့်မို့ အရာရာမှာ သတိနဲ့ယှဉ်ပြီး ပညာဉာဏ်နဲ့ ဆင်ခြင်သုံးသပ်နေတတ်မယ်ဆိုရင် တရားဓမ္မဟာ နီးကပ်စွာ ရှိနေပါတယ်။ တရားသိမြင်ဖို့ဆိုတာ ဝေးကွာလွန်း၊ ခက်ခဲလွန်းတာ မဟုတ်ပါဘူးလို့ အသိပေးပြီးတော့ တရားနိဂုံးချုပ်ကြပါစို့။

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း (၆)ရက်

www.dhammadowload.com

www.dhammadowload.com

ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဇနိယ၏
ရေးသားထုတ်ဝေပြီးစာအုပ်များ

၁။ တရားနှင့်နေပါ ၃-ကြိမ်
၂။ တရားမရခြင်းအကြောင်းရင်း ၃-ကြိမ်
၃။ အပါယ်တံခါးပိတ်ထားကြစို့ ၀-ကြိမ်
၄။ လမ်းညွှန်တရားဆောင်ပုဒ်များ ၀-ကြိမ်
၅။ မငိုကြသောမိသားစု ၀-ကြိမ်
၆။ လိုရင်းတိုရှင်းဝိပဿနာ ၀-ကြိမ်
၇။ တရားဘယ်လိုကျင့်ရမလဲ ၀-ကြိမ်
၈။ How to Practise Meditation ၀-ကြိမ်
၉။ လိုအင်ဆန္ဒတွေပြည့်ပါစေ ၀-ကြိမ်
၁၀။ ဘာသာမဲ့သူလေး ၀-ကြိမ်
၁၁။ သေဘေးဆင်ခြင်ကြိုတင်ကာပြင် ၀-ကြိမ်
၁၂။ တရားချစ်တဲ့သူ ၀-ကြိမ်
၁၃။ တစ်နေ့ကုန်သွားရင် ၀-ကြိမ်
၁၄။ တရားကျင့်သူနဲ့မကျင့်သူ ၀-ကြိမ်
၁၅။ နမောတဿဘုရားရှိခိုး(အိတ်ဆောင်) ၀-ကြိမ်
၁၆။ ဘဝစစ်တမ်း ၀-ကြိမ်
၁၇။ ပေါင်းစုတူယှဉ်နိဗ္ဗာန်ဝင် ၀-ကြိမ်
၁၈။ ပေးဆပ်ရမယ့်အကြွေး ၀-ကြိမ်
၁၉။ တရားဘာကြောင့်ကျင့်ရတာလဲ ၀-ကြိမ်
၂၀။ တရားကျင့်ဖို့ကောင်းတဲ့အချိန် ၀-ကြိမ်
၂၁။ တရားရနိုင် မရနိုင် ၀-ကြိမ်
၂၂။ တရားကျောင်းက ခေါင်းလောင်းသံ ၀-ကြိမ်
၂၃။ တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့် ၀-ကြိမ်
၂၄။ နီးလျက်နဲ့ဝေး ၀-ကြိမ်

ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ နှောင်ဖွဲ့မမြင် သံယောဇဉ်
၂။ ဓမ္မလမ်းပေါ်မှာ
၃။ အရှုံးထဲက အမြတ်
၄။ အမှတ်တမဲ့အမှား

www.dhammadowload.com

ကျေးဇူးစကား

ဤစာအုပ်ဖြစ်လာစေရန်
အသံသွင်းတိပ်ခွေမှ စာမူကြမ်း ရေးကူးပေးသော
ကျိုက်ထိုမြို့မှ ဆရာမ ဒေါ်သက်သက်စိုး၊ ဒေါ်မြင့်မြင့်စိန်၊
ရန်ကုန်မြို့မှ ဒေါ်မော်မော်ဦး၊
ကွန်ပျူတာစာမူရိုက်နှိပ်ပေးသော
မပုန်းညက်လှိုင်(ပုန်းညက်လှိုင်–ကွန်ပျူတာ၊ ပဲခူးမြို့)တို့အား
အထူးကျေးဇူးတင်ရှိပါသည်။

မမ္မဒူတ ဒေါက်တာအရှင်ပညိသာရ